# ကြေးမုံ

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

The Mirror Daily
Established in 1957


## လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက် တနင်္ဂနွေနေ့။ Sunday, 12 July 2026 ၁၂၂၃၇


# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် ဇူလိုင် ၁၁

ခရီးသွားဧည့်သည်များ အချိန်တို အတွင်း အဆင်ပြေချောမွေ့စွာ လာရောက် လည်ပတ်နိုင်စေရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်ရွယ်၍ အဆင့်မြှင့်တင် တည်ဆောက် ပြီးစီးခဲ့သည့် ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ် အဆောက်အအုံသစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

## နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်း အကောင်အထည်ဖော်တည်ဆောက်ပြီးစီးခဲ့သည့် ရွှေမြို့ ၁၅ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်း Golden City Solar Power Co., Ltd. က တာဝန်ယူဆောင်ရွက်ခဲ့သည့် ရွှေမြို့ ၁၅ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းများ ထုတ်ပေးမည့်အစီအစဉ် ကြေညာခြင်း

၁။ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်းများကို Online မှ ကြိုတင်လျှောက်ထားသည့်စနစ်ဖြင့် ထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားပါသည်။ ၁၄-၇-၂၀၂၆ ရက်နေ့ (အင်္ဂါနေ့)မှ စတင်၍ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၏ DME Online Service Portal ဖြစ်သော https://osp.dme.gov.mm တွင် ကြိုတင်ရက်ချိန်းရယူလျှောက်ထားနိုင်ပါမည်။


စာမျက်နှာ ၆ ကော်လံ ၁ သို့ ✣

## မုတ်သုံလေအားကောင်းနေ

နေပြည်တော် ဇူလိုင် ၁၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မိုး/ဇလ





## ထိုင်း-မြန်မာနယ်စပ် မောတောင်မြို့သို့ ဌာနဆိုင်ရာဝန်ထမ်းများ ရောက်ရှိ ဒေသခံများ ကြိုဆို

မောတောင် ဇူလိုင် ၁၁

တနင်္သာရီတိုင်းဒေသကြီး ထိုင်း-မြန်မာနယ်စပ်ရှိ မောတောင်မြို့သို့ တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများ ဇူလိုင် ၁၀ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိခဲ့သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

## ယနေ့ ဖတ်စရာ


ရွှေကျင်မြစ်၊ စစ်တောင်းမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်နှင့် ဘီးလင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်
စာမျက်နှာ » ၂

ဉာဏ်ရည်တုနည်းပညာနှင့် ဉာဏမူပိုင်ခွင့်
ဆောင်းပါး စာမျက်နှာ » ၁၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ လှည်းကူးမြို့နယ် နိဗ္ဗထောကျေးရွာသို့ ကနဦးလေ့လာဆန်းစစ်ခြင်းလုပ်ငန်း လာရောက်ဆောင်ရွက်
စာမျက်နှာ » ၁၅

ကြေးမုံ

# ပကတိအခြေအနေနှင့်မကိုက်ညီသည့် စွပ်စွဲချက်များ ပြတ်သားစွာပယ်ချ

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ၂၀၂၆ ခုနှစ် ဇွန်လ ၁၅ ရက်မှ ဇူလိုင်လ ၈ ရက်အထိကျင်းပခဲ့သည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၆၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အပြုသဘောဆောင်သည့် ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများနှင့်ဆန့်ကျင်လျက် မြန်မာနိုင်ငံဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။ အစည်းအဝေးကာလအတွင်း ဇွန်လ ၂၉ ရက်တွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးက မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ အစီရင်ခံစာတင်သွင်းမှုပြုလုပ်ခဲ့ပြီး အစ္စလာမ့်စ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အိုအိုင်စီ)က တင်သွင်းသည့် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုကို ဇူလိုင်လ ၆ ရက်တွင် သက်ဆိုင်ရာ မြန်မာနိုင်ငံမပါဝင်ဘဲ အတည်ပြုချမှတ်ခဲ့သည်။

အဆိုပါအစီရင်ခံစာတွင် ယခင်လူ့အခွင့်အရေးကောင်စီအစည်းအဝေးများတွင် အထူးအစီရင်ခံစာတင်သွင်းသူ တင်သွင်းခဲ့သည့် အစီရင်ခံစာနှင့် အချက်အလက်များကိုသာ ထပ်တလဲလဲဖော်ပြထားသည်ကို တွေ့ရသည်။ အစီရင်ခံစာတွင် အလွန်အမင်းအစွန်းရောက်သော အမြင်များနှင့် အခြေအမြစ်မရှိသော စွပ်စွဲချက်များကိုသာ ဖော်ပြထားသည့်အတွက် မြန်မာနိုင်ငံ၏ပကတိမြေပြင်အခြေအနေအပေါ် မှန်ကန်စွာထင်ဟပ်ခြင်းမရှိသည့် အကြောင်းအရာများဖြစ်နေသည်ကို စိတ်ပျက်ဖွယ်တွေ့ရသည်။ ထို့အပြင် အိုအိုင်စီက တင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆို အပါအဝင် ယခင်ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အဆိုများသည် ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်းက ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် နေရပ်စွန့်ခွာမှုဇာစ်မြစ်များကို ဖော်ပြရန်ချန်လှပ်ထားသည်။

ယင်းသို့ပျက်ကွက်မှုသည် နေရပ်စွန့်ခွာသူများဆိုင်ရာ ပြဿနာကို အဓိပ္ပာယ်ရှိရှိ စိတ်ရင်းမှန်ဖြင့် ပူးပေါင်းဖြေရှင်းလိုမှု ကင်းမဲ့နေသည်ကိုတွေ့ရသည်။ ဆုံးဖြတ်ချက်အဆိုတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အမုန်းစကားဆိုင်ရာတို့သည် မြေပြင်အခြေအနေနှင့်လွန်စွာကင်းကွာနေသည့် အခြေအမြစ်မရှိသော ဖော်ပြချက်များဖြစ်သည်။ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာမှုများအရေးသည် သမိုင်းကြောင်းရှည်လျားခဲ့ပြီး ရှုပ်ထွေးနက်နဲသော အခြေအနေများဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအစိုးရအဆက်ဆက်အနေဖြင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကို နှစ်နိုင်ငံသဘောတူညီချက်များဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လုံခြုံရေးနှင့်တည်ငြိမ်ရေး ပြန်လည်ကောင်းမွန်လာပါက နှစ်နိုင်ငံသဘောတူစာချုပ်များနှင့်အညီ စိစစ်ပြီးသည့် နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရန် မြန်မာနိုင်ငံအနေဖြင့် စစ်မှန်သောဆန္ဒရှိသည်။

ပြီးခဲ့သည့်ကာလများက စိစစ်ပြီးစီးသည့် ပြန်လည်ဝင်ရောက်လာသူများကို လက်ခံရန် မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပေးပို့လာသော လူဦးရေစာရင်းကိုစိစစ်ပြီး လစဉ်ဘင်္ဂလားဒေ့ရှ်ဘက်သို့ ပေးပို့ဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်တွင် နေရပ်ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာရပ်ဆိုင်းနေခြင်းသည် AA အကြမ်းဖက်အဖွဲ့များကြောင့်ဖြစ်သည်ကို အားလုံးအသိပင်ဖြစ်သည်။ လက်ရှိကာလတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးနှင့် အခြားအဖွဲ့များကိုလည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန်နှင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်ကမ်းလှမ်းထားသည်။ ငြိမ်းချမ်းရေးသည် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်သည်။ ယခုအခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့သည် နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး PDF အဖွဲ့ဝင်များ အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အချို့မှ စုစုပေါင်း ၄၀၀၀ ကျော် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ပြီဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်များဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် မမိုတ်မသုန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နေသည့်အချိန်တွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ မျက်နှာစာ၌ မြန်မာနိုင်ငံတစ်နိုင်ငံတည်းအပေါ်တွင်ဦးတည်သည့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းနှင့် ဆုံးဖြတ်ချက်အဆိုများ တင်သွင်းနေခြင်းသည် တရားမျှတမှုမရှိဘဲ ကုလသမဂ္ဂပဋိညာဉ်ကို ချိုးဖောက်နေသည့်သဘော သက်ရောက်နေသည်။ မြန်မာနိုင်ငံအပေါ် အပြုသဘောမဆောင်ဘဲ မြေပြင်ပကတိအခြေအနေများနှင့် ကွဲလွဲသည့် မမှန်ကန်သော စွပ်စွဲချက်ကို မြန်မာနိုင်ငံအနေဖြင့် တစိုက်မတ်မတ် ဆန့်ကျင်ပယ်ချလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံတည်းအပေါ်ဦးတည်သည့် အဆိုတင်သွင်းဆုံးဖြတ်ခြင်းတို့သည် အပြုသဘောဆောင်သောပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူမပြုသဖြင့် အိုအိုင်စီက တင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုကို မြန်မာနိုင်ငံအစိုးရအနေဖြင့် လက်မခံဘဲ ဆွေးနွေးမှုအတွင်း မျှတစွာရပ်တည်ပေးခဲ့သည့် မိတ်ဖက်နိုင်ငံများကို ကျေးဇူးတင်အသိအမှတ်ပြုပြီး တရားမျှတမှုမရှိသော ဆုံးဖြတ်ချက်အဆိုမှန်သမျှတို့ကို ခြွင်းချက်မရှိ ပြတ်ပြတ်သားသားပယ်ချသွားမည်ဖြစ်ပါကြောင်း။ ။

## အနီးစခန်းလေဆိပ်သစ်ဖွင့်လှစ်၍ လေကြောင်းလိုင်းများ စတင်ပျံသန်းပြေးဆွဲ

နေပြည်တော် ဇူလိုင် ၁၁

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြင့် ဒေသတွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေးနှင့် စီးပွားရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသစ်တည်ဆောက်ပြီးစီးခဲ့သော အနီးစခန်းလေဆိပ်ကို ယနေ့တွင် နိုင်ငံတော်သမ္မတက ဖွင့်လှစ်ပေးပြီး ယနေ့၌ပင် မြန်မာအမျိုးသားလေကြောင်းလိုင်းက ရန်ကုန်-ဟဲဟိုး-အနီးစခန်း-နေပြည်တော်-ရန်ကုန်ခရီးစဉ်နှင့် မင်္ဂလာလေကြောင်းလိုင်းက ရန်ကုန်-တာချီလိတ်-အနီးစခန်း-ရန်ကုန်ခရီးစဉ်တို့ကို စတင်ပျံသန်းပြေးဆွဲကြောင်း သိရသည်။

အနီးစခန်းလေဆိပ်ကို အခြေပြု၍ ရှမ်းပြည်နယ်အတွင်းရှိ တာချီလိတ်၊ ဟဲဟိုးမြို့များနှင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စသည့်မြို့ကြီးများသို့ တိုက်ရိုက်ခရီးစဉ်များကို မြန်မာအမျိုးသားလေကြောင်းလိုင်း၊ မင်္ဂလာလေကြောင်းလိုင်း၊ အဲသံလွင်လေကြောင်းလိုင်းနှင့် မန်းရတနာပုံလေကြောင်းလိုင်းတို့က ယနေ့မှစတင်၍ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေနေ့များတွင် ပုံမှန်ပျံသန်းပြေးဆွဲသွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

သတင်းစဉ်

## ကျောက်တံတားမြို့နယ်၌ အခြေခံပညာကျောင်းတွင် လေအေးပေးစက် တပ်ဆင်

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ် (၆) အခြေခံပညာ မူလတန်းကျောင်းတွင် ယနေ့နံနက်ပိုင်းက လေအေးပေးစက်များ တပ်ဆင်ပေးကြောင်း သိရသည်။

အဆိုပါလေအေးပေးစက်များတပ်ဆင်ခြင်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင် ဦးဆောင်၍ မူလတန်းကျောင်းအုပ် ဆရာမကြီး ဒေါ်အေးစန္ဒာနှင့် ဆရာမများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံညှိနှိုင်းချက်အရ တပ်ဆင်ပေးခြင်းဖြစ်သည်။ အဆိုပါကျောင်းတွင် ကျောင်းသားကျောင်းသူ ၂၀၀ ကျော် ပညာသင်ကြားနေကြောင်း သိရသည်။

ကျော်ဆန်းမြင့်

## ရွှေကျင်မြစ်၊ စစ်တောင်းမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်နှင့် ဘီးလင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၁

**ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ**

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေခွဲကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်အရ**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်လက်မခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်၊ မဒေါက်မြို့၊ ဟုမ္မလင်းမြို့နယ်၊ ဘားအံမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်နိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ၁၁ - ၇ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| စာတည်းမှူး | - အေးဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| စာတည်းများ | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | သုတေသန | - ဇင်မာဝင့် |
| | | စာပြင် | - ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | - အောင်ကျော်ကျော်၊ စိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - နီလာစိုးနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - စိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁


နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ရွှေဖုံးမှ

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ ဦးဆန်းဦး၊ ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကိုကိုဦး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လေကြောင်းလိုင်းများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနား ကျင်းပမည့် အနီးစခန်းလေဆိပ်သို့ ရောက်ရှိရာ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၊ ကျောင်းသား ကျောင်းသူ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့များက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။


ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ဦးမျိုးသန့်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့က ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

ယင်းနောက် နိုင်ငံတော်သမ္မတက အနီးစခန်းလေဆိပ်အဆောက်အအုံအသစ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အနီးစခန်းလေဆိပ်ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယအပိုင်းကို လေဆိပ်အဆောက်အအုံအသစ် ပထမထပ်၌ကျင်းပပြုလုပ်ရာ ဦးစွာ နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ယနေ့သည် ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းအတွက် အထင်ကရဖြစ်ပြီး အေးချမ်းသာယာသည့် ပန်းမြို့တော် ပြင်ဦးလွင်၏သမိုင်းတွင် စာမျက်နှာသစ်တစ်ခု ဖွင့်လှစ်နိုင်သည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ အနီးစခန်းလေဆိပ်ဖွင့်လှစ်ခြင်းသည် နိုင်ငံတော်၏လေကြောင်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးတို့အတွက်ပါ အရေးပါသည့် ကြိုးပမ်းဆောင်ရွက်မှု မှတ်တိုင်တစ်ခုလည်းဖြစ်ကြောင်း။

အနီးစခန်း လေဆိပ်သည် လွတ်လပ်ရေးမရမီကာလကတည်းက ဖောက်လုပ်တည်ရှိခဲ့သည့် သမိုင်းအစဉ်အလာကြီးမားသော လေဆိပ်တစ်ခု ဖြစ်ကြောင်း၊ လွတ်လပ်ရေး ရရှိပြီးနောက်ပိုင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထိန်းသိမ်းထားခဲ့ကြောင်း၊ ၁၉၅၂ ခုနှစ်မှ ၁၉၅၇ ခုနှစ်အတွင်း ဒါကိုတာလေယာဉ်များ၊ တပ်မတော်(လေ)မှ ဖော်ကာအက်ဖ်-၂၇ လေယာဉ်များဖြင့် ပျံသန်းပြေးဆွဲ အသုံးပြုခဲ့ကြောင်း၊ ယခင်က လေယာဉ်ပြေးလမ်း အလျားပေ ၄၄၅၀ နှင့် အကျယ်ပေ ၂၀၀ ရှိသည့် ကျောက်ရောမြေကြီးကွင်းတစ်ခုသာ ဖြစ်ခဲ့ကြောင်း။

၂၀၀၄ ခုနှစ်တွင် မူလလေယာဉ်ပြေးလမ်းကို အလျားပေ ၁၀၀၀၀ အထိ ရရှိရေးအတွက် တစ်ဆက်တည်း ရှိနေသည့် မြောက်ဘက်ကို တိုးချဲ့တည်ဆောက်ခဲ့ပြီး ကွန်ကရစ်ခင်း လေယာဉ်ရပ်နားနေရာကိုလည်း အလျားပေ ၆၀၀၊ အနံပေ ၃၀၀ တည်ဆောက်ခဲ့ရာ ၂၀၀၆ ခုနှစ်တွင် ပြီးစီးခဲ့ပြီး ဖြစ်သည့်အတွက် လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ပြန်လည်ဆင်းသက်အသုံးပြုနိုင်ခဲ့ပြီဖြစ်ကြောင်း။

လက်ရှိတွင် ရွေးကောက်တင်မြှောက်ခံရပြီး တာဝန်ယူနေသည့် နိုင်ငံတော်အစိုးရသစ်အနေဖြင့် နိုင်ငံတော်ကြီးကို ဘက်စုံ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို အင်တိုက်အားတိုက် ဖြည့်ဆည်း တည်ဆောက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ ဖြည့်ဆည်းတည်ဆောက်ရာတွင် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် လေကြောင်းပို့ဆောင်ရေးကဏ္ဍကို ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် သတ်မှတ်ထားကြောင်း၊ ထို့ကြောင့်လည်း လေဆိပ်များအပါအဝင် အခြေခံအဆောက်အအုံများ တိုးချဲ့ခြင်းနှင့် အသစ်တည်ဆောက်ခြင်း စီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိ မြန်မာနိုင်ငံတွင် ပုံမှန်လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာလေဆိပ်သုံးခုနှင့် ပြည်တွင်းလေဆိပ် ၂၈ ခု ရှိကြောင်း၊ ယနေ့ဖွင့်လှစ်သည့် အနီးစခန်းလေဆိပ်သည် ပြည်တွင်းလေဆိပ်ကွန်ရက်ကို ပိုမိုအားကောင်းလာစေမည့် လေဆိပ်တစ်ခုအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်လာနိုင်တော့မည်ဖြစ်ကြောင်း။

ပြင်ဦးလွင်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၅၀၀ ကျော်တွင် တည်ရှိကြောင်း၊ တစ်နှစ်ပတ်လုံး သင့်တင့်မျှတသည့် ရာသီဥတုရှိပြီး ပန်းမန်များ ဖူးပွင့်ဝေဆာကာ သာယာလှပသည့်မြို့ဖြစ်ကြောင်း၊ ထို့ပြင် သဘာဝက ဖန်တီးပေးထားသည့် အပန်းဖြေစခန်းများ တည်ရှိပြီး ရှေးဟောင်းဗိသုကာပညာ လက်ရာများကိုပါ တွေ့မြင်ခံစားနိုင်သောကြောင့် ခေတ်အဆက်ဆက် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များအကြား စိတ်ပါဝင်စားမှုများပြီး အထင်ကရ ကျော်ကြားခဲ့ကြောင်း၊ ပြင်ဦးလွင်ကို တောင်ပေါ်အပန်းဖြေမြို့တော်၊ ချယ်ရီပန်းမြို့တော်၊ ကော်ဖီမြို့တော်၊ ကျန်းမာရေးမြို့တော်၊ ပညာရေးမြို့တော် စသည်ဖြင့် မျှော်မှန်းပြီး နိုင်ငံ့ဂုဏ်ဆောင်မြို့ကြီးတစ်ခုအဖြစ် တည်ဆောက်နေကြောင်း၊ ထို့ကြောင့်လည်း ခရီးသွားဧည့်သည်များ အချိန်တိုအတွင်း အဆင်ပြေချောမွေ့စွာ လာရောက် လည်ပတ်နိုင်စေရေးအတွက် နိုင်ငံတော်အနေဖြင့် အနီးစခန်းလေဆိပ်ကို လေဆိပ်တစ်ခု၏အင်္ဂါရပ်နှင့် ညီညွတ်ပြည့်စုံမှုရှိစေရန် အဆင့်မြှင့်တင်ရေးစီမံကိန်းကို ၂၀၂၃ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆

✧ **နိုင်ငံတော်အနေဖြင့် အနီးစခန်းလေဆိပ်ကို လေဆိပ်တစ်ခု၏အင်္ဂါရပ်နှင့် ညီညွတ်ပြည့်စုံမှုရှိစေရန် အဆင့်မြှင့်တင်ရေးစီမံကိန်းကို ၂၀၂၃ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့**

✧ **တစ်နှစ်လျှင် ခရီးသည် ၁၀၀၀၀၀ ဝင်/ထွက် အသုံးပြုနိုင်သည့် အလျားပေ ၁၂၀၊ အနံပေ ၈၀ ရှိ** steel structure **နှစ်ထပ်လေဆိပ်အဆောက်အအုံသစ်ကို တည်ဆောက်ခဲ့၊** Boeing 737-800 **တို့ကဲ့သို့ လေယာဉ်အမျိုးအစားသုံးစင်း တစ်ပြိုင်တည်း ရပ်နားအသုံးပြုနိုင်စေရန် အလျားပေ ၆၀၀၊ အနံပေ ၅၅၀ အထိ တိုးချဲ့ထားသည့် လေယာဉ်ရပ်နားနေရာ၊ အလျားပေ ၃၀၊ အနံပေ ၂၀ နှင့် အမြင့် ၅၆ ပေရှိ လေကြောင်းထိန်းမျှော်စင်သစ်တို့ကိုလည်း တည်ဆောက်နိုင်ခဲ့**

✧ **အနာဂတ်တွင် အနီးစခန်းလေဆိပ်ကို ပိုမိုကြီးမားသည့်လေယာဉ်ကြီးများ ဆင်းသက်နိုင်မည့် ခေတ်မီလေဆိပ်တစ်ခုအဖြစ် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာစေရေးဆောင်ရွက်ရန် စီစဉ်ထား**




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်တွင် လေယာဉ်ရပ်နားရန်နေရာအသစ် တည်ဆောက်ပြီးစီးမှုအခြေအနေအား ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၃ မှ

ထိုသို့ ဆောင်ရွက်ရာတွင် တစ်နှစ်လျှင် ခရီးသည် ၁၀၀၀၀၀ ဝင် / ထွက် အသုံးပြုနိုင်သည့် အလျားပေ ၁၂၀၊ အနံ ပေ ၈၀ ရှိ steel structure နှစ်ထပ်လေဆိပ် အဆောက်အအုံသစ်ကို တည်ဆောက်ခဲ့ကြောင်း၊ Boeing 737–800 တို့ကဲ့သို့ လေယာဉ်အမျိုးအစား သုံးစင်း တစ်ပြိုင်တည်း ရပ်နား အသုံးပြုနိုင်စေရန် အလျားပေ ၆၀၀၊ အနံပေ ၅၅၀ အထိ တိုးချဲ့ထားသည့်လေယာဉ်ရပ်နားနေရာ၊ အလျားပေ ၃၀၊ အနံ ပေ၂၀ နှင့် အမြင့် ၅၆ ပေရှိ လေကြောင်းထိန်းမျှော်စင်သစ် တို့ကိုလည်း တည်ဆောက် နိုင်ခဲ့ကြောင်း၊ ထို့ပြင် လေယာဉ်ဆင်းသက်မှု အထောက်အကူပြု လမ်းညွှန်စက်များ၊ လေယာဉ်ပြေးလမ်း လျှပ်စစ်မီးစနစ်များနှင့် လေယာဉ်ရောက်ရှိနေရာပြ လေကြောင်းလမ်းညွှန်စက်များကိုပါ တပ်ဆင်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် အတွက် ပို့ဆောင်ရေး ဝန်ကြီးဌာန လေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့ကို ဂုဏ်ပြုအသိအမှတ်ပြုပါကြောင်း။

အထူးသဖြင့် အနီးစခန်း လေဆိပ်သည် ပြင်ဦးလွင်ဒေသ၏ ခရီးသွားကဏ္ဍ တစ်ခုတည်း အတွက်သာမကဘဲ နိုင်ငံတော်၏ သတင်း အချက်အလက်နှင့် နည်းပညာကဏ္ဍ (ICT Sector)ကိုပါ တိုးတက်မြင့်မားရေးအတွက် ဗဟိုချက်မဖြစ်သည့် **“ရတနာပုံ ဆိုက်ဘာစီးတီး”** ကို ကမ္ဘာ့အဆင့်မီ Silicon Valley တစ်ခုအဖြစ် ပေါ်ထွန်းလာစေရေး ရည်ရွယ်ဆောင်ရွက်ရာတွင် အဓိကကျသည့် လေကြောင်းဆက်သွယ်ရေး တံခါးပေါက် (Strategic Gateway) ဖြစ်လာမည်လည်း ဖြစ်ပါကြောင်း၊ ပြည်တွင်း ပြည်ပမှ နည်းပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရတနာပုံ ဆိုက်ဘာစီးတီးကို အချိန်တိုအတွင်း လျင်မြန်ချောမွေ့စွာ ဝင်ထွက်သွားလာနိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ နည်းပညာ ဖွံ့ဖြိုးမှုနှင့် ဒီဂျစ်တယ်စီးပွားရေး ကဏ္ဍကို အရှိန်အဟုန်ဖြင့် မြှင့်တင်ပေးနိုင်မည်ပင်ဖြစ်ကြောင်း။

ထို့ပြင် ပန်းမြို့တော် ပြင်ဦးလွင်ဒေသ၏ အဓိကဂုဏ်ဆောင်ဖြစ်သည့် အဆင့်မြင့်ပန်းမန်များ၊ ကော်ဖီနှင့် စတော်ဘယ်ရီစသည့် လတ်ဆတ်မှုလိုအပ်သည့် အရည်အသွေးမြင့် စိုက်ပျိုးရေးထုတ်ကုန်များကို လေကြောင်းကုန်စည်ပို့ဆောင်ရေးစနစ် (Air Cargo & Cold Chain Logistics) ကို အသုံးပြုပြီး ပြည်တွင်းဈေးကွက်များသာမက ပြည်ပနိုင်ငံများသို့ပါ အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက်တင်ပို့ ဖြန့်ဖြူးပေးနိုင်တော့မည် ဖြစ်ကြောင်း၊ ယင်းအခြေအနေသည် ဒေသခံတောင်သူများနှင့် လုပ်ငန်းရှင်များအတွက် စီးပွားရေး အခွင့်အလမ်းသစ် များစွာကို ဖန်တီးပေးပြီး ဒေသဖွံ့ဖြိုးရေးနှင့် ခေတ်မီစိုက်ပျိုး စီးပွားရေးကဏ္ဍကိုမြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် အနာဂတ်တွင် အနီးစခန်းလေဆိပ်ကို ပိုမိုကြီးမားသည့်လေယာဉ်ကြီးများ ဆင်းသက်နိုင်မည့် ခေတ်မီလေဆိပ်တစ်ခု အဖြစ် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရန်စီစဉ်ထားကြောင်း၊ လေယာဉ်များ အမြန်ဆင်းသက် ထွက်ခွာနိုင်မည့် ဝင်လမ်း ထွက်လမ်းများ၊ ကုန်စည်တင်လေယာဉ် ရပ်နားနေရာ၊ ကုန်စည်သိုလှောင်ရုံ စသည့် အခြေခံ အဆောက်အအုံများကိုလည်း အဆင့်ဆင့်ဖြည့်ဆည်း တည်ဆောက်ပြီး အဆင့်မြှင့်တင်သွားရန် လျာထားစီစဉ်ထားပြီးဖြစ်ကြောင်း၊ ယခုလေဆိပ်သည် ရှမ်းပြည်နယ်ရှိ လေဆိပ်များအပါအဝင် မြန်မာနိုင်ငံ အနှံ့အပြားရှိ လေဆိပ်များနှင့် ကွန်ရက်ချိတ်ဆက်ပျံသန်းသည့် လေကြောင်းခရီးစဉ်များကို အထောက်အကူပြုပြီး ကုန်သွယ်ရေးနှင့် နည်းပညာ စီးဆင်းမှုများမှတစ်ဆင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းပေးမည့်လေဆိပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည် လိမ့်မည်ဟုလည်း ယုံကြည်ပါကြောင်း။

အနီးစခန်းလေဆိပ် အဆင့်မြှင့်တင်ရေးလုပ်ငန်းသည် နိုင်ငံတော်၏ အရေးကြီးအခြေခံအဆောက်အအုံများမှ စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်အစိုးရသစ်၏ ပထမရက် ၁၀၀ စီမံကိန်းကာလ အတွင်း အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအောင်မြင်မှုအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြသည့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အင်ဂျင်နီယာများ၊ တပ်မတော်အင်ဂျင်နီယာများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ အားလုံးကို နိုင်ငံတော်ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း။

ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်ပြီး နိုင်ငံတော်က ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံတည်ဆောက်ပေးခဲ့သည့် အနီးစခန်းလေဆိပ်ကို ရေရှည်တည်တံ့ ခိုင်မြဲစေရေး အတွက် အားလုံးဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ပေးကြရန်နှင့် လေဆိပ်ကို အသုံးပြုပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး တို့ကို ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လေဆိပ်အဆောက်အအုံသစ် ဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် လေဆိပ်အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုနှင့် ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုကြသည်။

**ဂါရဝပြုပေးအပ်**

ဆက်လက်၍ နိုင်ငံတော်သမ္မတ ထံ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အနီးစခန်း လေဆိပ် လေဆိပ်အဆောက်အအုံဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်အား နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အနီးစခန်းလေဆိပ် အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုရာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် လေဆိပ်အဆောက်အအုံနှင့် လေယာဉ်ရပ်နားရန် နေရာအသစ် တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

PPIB News

❂ နေပြည်တော်မှ

ဖွင့်ပွဲအခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဂုဏ်ပြုအားပေးတက်ရောက်ပြီး နိုင်ငံတော်ဓာတ်အားစနစ်သို့ နေရောင်ခြည်စွမ်းအင်အပြင် Battery Energy Storage System မှထုတ်လုပ်သော ဓာတ်အားကို စက်ခလုတ်နှိပ်၍ ပေါင်းထည့်ပေးကာ လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုကို စတင်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်သည့် ရွှေမြို့ဆိုလာစက်ရုံ ၁၅ မဂ္ဂါဝပ်ကို တစ်နှစ်အတွင်း တည်ဆောက်ခဲ့ပြီး Energy Storage System ထည့်သွင်းတပ်ဆင် တည်ဆောက်ထားခြင်းဖြစ်သည့်အတွက် ဓာတ်အားတည်ငြိမ်စွာ ဖြန့်ဖြူးနိုင်ရေးအတွက် အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ဆက်လက်၍ စီမံကိန်းအပိုင်း (၂) ၂၅ မဂ္ဂါဝပ်နှင့် အပိုင်း(၃) ၃၀ မဂ္ဂါဝပ် စီမံကိန်းများကိုလည်း တိုးတက်ပြောင်းလဲနေသည့် နည်းပညာများဖြင့် ယခုထက်ပိုမိုအဆင့်မြှင့်တင် ဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း၊ ဆိုလာစီမံကိန်းများသည် အချိန်တိုအတွင်း ပြီးမြောက်နိုင်သည့်အတွက် နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အား လျင်မြန်စွာ ရယူလိုနေသည့်အချိန်တွင် လွန်စွာအားကိုးအားထားပြုရသည့် စီမံကိန်းလုပ်ငန်းများဖြစ်သည့်အလျောက် သတ်မှတ်ချိန်အတွင်း အောင်မြင်စွာပြီးမြောက်စေရေး ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဓာတ်အားပေးစက်ရုံဧရိယာနှင့် စီမံကိန်းအပိုင်း(၂)နှင့် အပိုင်း(၃) ဓာတ်အားပေးစက်ရုံ စီမံကိန်း တည်ဆောက်မည့်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



❖ ထိုင်း–မြန်မာမှ

ထိုသို့ရောက်ရှိလာသော ဌာနဆိုင်ရာဝန်ထမ်း ၅၄ ဦးအား နယ်မြေခံ တပ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်ဇေယျာထွေး ဦးဆောင်ကာ မောတောင်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဝေလှိုင်စိုး၏ ကြီးကြပ်မှုဖြင့် တပ်ရင်းတပ်ဖွဲ့ဝင်များ၊ ဌာနေပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ဒေသခံ မိဘပြည်သူ ၁၀၀ ခန့်က မြို့အဝင်ဆိုင်းဘုတ်အနီးတွင် သွားရောက်ကြိုဆိုခဲ့ကြသည်။

အဆိုပါ ဌာနဆိုင်ရာဝန်ထမ်းများအား မောတောင်နယ်မြေ ရဲစခန်း၊ စည်ပင်သာယာဝင်း၊ အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့အုပ်ချုပ်ရေးမှူးအိမ်ရာတို့တွင် နေရာချထားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းက ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

### ဗဟိုမီးသတ်သင်တန်းကျောင်းသို့ ဝင်ရောက်သည့် လမ်းသစ်ဖောက်လုပ်ရေးလုပ်ငန်းခွင်

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မန္တလေး-လားရှိုး လမ်းမကြီးမှဗဟိုမီးသတ်သင်တန်းကျောင်းသို့ ဝင်ရောက်သည့် လမ်းသစ် ဖောက်လုပ်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လမ်းသစ်ဖောက်လုပ်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ပြင်ဦးလွင်ဒေသအပါအဝင် နိုင်ငံအတွင်းရှိ မိမိတို့ ပြည်သူများ၏ လူနေမှုအဆင့်အတန်းနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မိမိတို့အနေဖြင့် လိုအပ်သည့် အခြေခံအဆောက်အအုံများကို အကောင်အထည်ဖော် တည်ဆောက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရေးနှင့် အကျိုးရှိရှိ အသုံးချနိုင်ရေး လုပ်ငန်းဆောင်ရွက်မှုအားလုံး စနစ်တကျဖြစ်ရန် လိုကြောင်း၊ ယခု ဖောက်လုပ်လျက်ရှိသည့် လမ်းကြောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ စနစ်တကျထည့်သွင်းဖောက်လုပ်သွားရန်လိုကြောင်း၊ ကတ္တရာခင်းခြင်း၊ လမ်းပခုံးများထည့်သွင်းခြင်းတို့ကိုလည်း စနစ်တကျ ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းနယ်များကိုလည်း စနစ်တကျ သတ်မှတ်သွားရန်လိုပြီး လမ်းနယ်အတွင်း၌ စိမ်းလန်းစိုပြည်မှုရှိစေရေးနှင့် အေးမြသာယာသည့် ရာသီဥတုကို ဆက်လက် ထိန်းသိမ်းနိုင်ရေးအတွက် မဲဇလီကဲ့သို့သော အပင်ကြီးမျိုးများ၊ အရိပ်ရလေကာပင်များကို ပင်ကြား တန်းကြား မှန်ကန်စွာဖြင့် စနစ်တကျ ထည့်သွင်း စိုက်ပျိုးသွားရန် လိုကြောင်း၊ လမ်းကြောင်းတစ်လျှောက်ရှိ သင်တန်းကျောင်းများအနေဖြင့်လည်း နယ်နိမိတ်သတ်မှတ်ချက်များအတိုင်းဖြစ်ရန် လိုပြီး ခြံစည်းရိုးများ စနစ်တကျ ကာရံထားရှိသွားရန်လိုကြောင်း၊ ဇီးပင်ကြီး အခြေခံပညာအထက်တန်းကျောင်းအတွင်း၌ အားကစားကွင်း တစ်ခုကိုလည်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေး-လားရှိုး လမ်းမကြီးမှ ဗဟိုမီးသတ်သင်တန်းကျောင်းသို့ ဝင်ရောက်သည့် လမ်းသစ်ဖောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားစဉ်။

ထို့နောက် လမ်းကြောင်းတစ်လျှောက် လမ်းဖောက်လုပ်ရေး လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ တံတားများ ထည့်သွင်းတည်ဆောက်ထားရှိမှုများနှင့် ဗဟိုမီးသတ်သင်တန်းကျောင်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### ရတနာပုံမြို့သစ်စီမံကိန်းနှင့် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြင်စာကျေးရွာအနီး ရတနာပုံမြို့သစ် စီမံကိန်းရှိ ရတနာပုံတယ်လီပို့ အဆောက်အအုံသို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာ ဆောင်ရွက်ထားရှိမှု၊ ရတနာပုံဆိုက်ဘာစီးတီးအတွင်း Ever Green ဧရိယာများ ဖော်ဆောင်လျက်ရှိမှု၊ ဆိုက်ဘာစီးတီးစီမံကိန်း စက်မှုမြေကွက်များတွင် စက်ရုံတည်ဆောက်ထားရှိပြီး ပုံမှန်လည်ပတ်နေသော ကုမ္ပဏီများအား ဆက်လက်လုပ်ပိုင်ခွင့်ပေးထားကာ လုပ်ငန်းရပ်တန့်နေသည့် ကုမ္ပဏီများအား သတ်မှတ်ချက်နှင့်အညီ ဆက်လက်လုပ်ကိုင်လိုခြင်း ရှိ/မရှိ စိစစ်ဆောင်ရွက်ခဲ့မှု၊ ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း အပိုင်း(၁) ဧက ၂၂၀၀ အတွက်ဖြစ်တန်စွမ်းလေ့လာဆန်းစစ် ဆောင်ရွက်လျက်ရှိမှု၊ ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်းဧရိယာအတွင်း မြောက်ပိုင်းအိမ်ရာမြေကွက်များတွင် သတ်မှတ်ချက်များနှင့်အညီဖြစ်စေရေး ဆောင်ရွက်လျက်ရှိမှု၊ စီမံကိန်းအတွင်း စက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီများအား ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ စီမံကိန်းအတွင်းရှိ အဆောက်အအုံများ ဆက်လက်အသုံးပြုနိုင်ရေး ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် သင်တန်းခန်းမများနှင့် ဝန်ထမ်းများနေထိုင်ရန် အိပ်ဆောင်များကို ပြည်တွင်း နည်းပညာကုမ္ပဏီများက ငှားရမ်းအသုံးပြု ဆောင်ရွက်လိုမှု၊ စီမံကိန်းအတွင်းရှိ စက်ရုံများ လုပ်ငန်းလည်ပတ်နေမှုနှင့် အသစ်လာရောက် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ် ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းအတွင်း ပြည်ပနည်းပညာကုမ္ပဏီများမှ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဆွေးနွေးဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်းအတွင်း

**စာမျက်နှာ ၆ သို့ »»**

- ❖ **ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် အသစ်လျှောက်ထားသည့် လုပ်ငန်းလုပ်ဆောင်မည့် မြေနေရာများအား သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုဆောင်ရွက်သွားရန်လို**
- ❖ **စီမံကိန်းအတွင်း လာရောက်ရင်းနှီးမြှုပ်နှံကြမည့် ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီများအနေဖြင့် နိုင်ငံတော်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အပံ့ကောင်းများပေးနိုင်သည့် ကုမ္ပဏီများဖြစ်စေရေး စနစ်တကျစိစစ်ရွေးချယ်ခွင့်ပြုပေးသွားရန်လို**
- ❖ **ဒေသတွင်းရှိ နည်းပညာဆိုင်ရာ တက္ကသိုလ်များ၊ ကောလိပ်များမှ သင်တန်းဆင်းလာကြသည့် နည်းပညာတတ်ကျွမ်းသော ကျောင်းသား ကျောင်းသူများအတွက်လည်း ယခုစီမံကိန်းမှ အလုပ်အကိုင်အခွင့်အလမ်းများ ပေးစွမ်းနိုင်ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြား**




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရတနာပုံဆိုက်ဘာစီးတီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

»»» **စာမျက်နှာ ၅ မှ**

လုပ်ငန်းဆောင်ရွက်ရန် အတွက် အသစ်လျှောက်ထားသည့် လုပ်ငန်းလုပ်ဆောင်မည့် မြေနေရာများအား သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုဆောင်ရွက်သွားရန်လိုကြောင်း၊ စီမံကိန်းအတွင်း လာရောက်ရင်းနှီးမြှုပ်နှံကြမည့် ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီများအနေဖြင့် နိုင်ငံတော်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အပံ့ကောင်းများ ပေးနိုင်သည့် ကုမ္ပဏီများဖြစ်စေရေး စနစ်တကျ စိစစ်ရွေးချယ် ခွင့်ပြုပေးသွားရန်လိုကြောင်း၊ ဒေသတွင်းရှိ နည်းပညာဆိုင်ရာ တက္ကသိုလ်များ၊ ကောလိပ်များမှ သင်တန်းဆင်းလာကြသည့် နည်းပညာတတ်ကျွမ်းသော ကျောင်းသားကျောင်းသူများအတွက်လည်း ယခုစီမံကိန်းမှ အလုပ်အကိုင်အခွင့်အလမ်းများ ပေးစွမ်းနိုင်ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရတနာပုံမြို့သစ်စီမံကိန်း မြေဧရိယာဧက(၃၀၀၀) ဆိုင်ရာ အချက်အလက်များ၊ လက်ရှိအခြေအနေများအပေါ် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့မှု အခြေအနေများ၊ စီမံကိန်းဧရိယာအတွင်းရှိ ကျေးရွာများဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက **ရတနာပုံမြို့သစ်စီမံကိန်း မြေဧရိယာဧက(၃၀၀၀)ကို ၂၀၀၆ ခုနှစ် ကတည်းကပင် အစိုးရပိုင် စီမံကိန်းမြေအဖြစ် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်**ကြောင်း၊ သတ်မှတ်ထားသည့် စီမံကိန်းဧရိယာနယ်နိမိတ် တစ်လျှောက်၌ အမှတ်အသားများ စိုက်ထူသတ်မှတ်ထားရန်လိုပြီး နယ်နိမိတ်တစ်လျှောက် အမြဲစိမ်းအပင်များ စိုက်ပျိုးသွားရန် လိုကြောင်း၊ **စီမံကိန်းဧရိယာအတွင်း ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံများ ကျူးကျော်ဆောက်လုပ်နေထိုင်မှုများကိုလည်း သတ်မှတ်ထားသည့် စည်းကမ်းနှင့်အညီ စိစစ်ဆောင်ရွက်သွားရန်လို**ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရတနာပုံမြို့သစ်စီမံကိန်း ဧရိယာအတွင်းရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရတနာပုံမြို့သစ် ဆက်သွယ်ရေးစခန်း Incupation Center (IC) အဆောက်အအုံသို့ ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများ အပေါ် အဆောက်အအုံနှင့် ရေစနစ်၊ မီးစနစ်များကို စနစ်တကျ ပြန်လည်ပြင်ဆင် ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံများအနီး သစ်ပင်များစိုက်ပျိုးရာတွင် အဆောက်အအုံ ထိခိုက်မှုမရှိအောင် စိုက်ပျိုးသွားရန် လိုကြောင်း မှာကြားသည်။

ယင်းနောက် ရတနာပုံမြို့သစ်စီမံကိန်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်ကို စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်ရေး သစ်ပင်များစိုက်ပျိုးထားရှိမှု၊စက်ရုံ၊အလုပ်ရုံများနှင့် အိမ်ရာများ ဖော်ဆောင်ထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ပိုးချည်စက်ရုံ (ပြင်ဦးလွင်)**

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲ ပိုးချည်စက်ရုံ (ပြင်ဦးလွင်)သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံတာဝန်ခံက စက်ရုံ၏နောက်ခံသမိုင်းကြောင်းဆိုင်ရာအချက်အလက်များနှင့် ရည်ရွယ်ချက်များ၊ မြေအသုံးချနိုင်မှုနှင့် ဘဏ္ဍာရေးနှစ်အလိုက် ပိုးစာပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများ၊ ပိုးမွေးမြူမှု၊ ပိုးအိမ်ထုတ်လုပ်မှုနှင့် ပိုးချည်၊ ပိုးထည်နှင့် တန်ဖိုးမြင့်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်မှုအခြေအနေများ၊ လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် စက်ရုံဆိုင်ရာလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ပိုးမွေးမြူထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ပိုးချည်နှင့် ပိုးထည်များသည် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပဈေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် ပိုးချည်ထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပိုးချည်ထုတ်လုပ်ခြင်းစက်မှုလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် စက်ရုံပြခန်းအတွင်း ပိုးစာနှင့် ပိုးထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှု၊ ပိုးချည်ကောင်များ အဆင့်အလိုက် မွေးမြူထားရှိမှု၊ ပိုးစာပင်စိုက်ခင်းအတွင်း ပိုးစာပင်အမျိုးအစားအလိုက် စိုက်ပျိုးထားရှိမှု၊ ပိုးချည်စက်ရုံအတွင်းရှိ ပိုးရွေးခန်း၊ ပိုးချည်ရစ်ခန်း၊ ပိုးချည်ငင်ခန်း၊ ပိုးချည်ထုပ်ခန်းတို့၌ လုပ်ငန်းများအဆင့်ဆင့်ဆောင်ရွက်လျက်ရှိမှု၊ ရှေးခေတ်သုံး ပိုးချည်ငင်စက်များ အစဉ်အဆက် ထိန်းသိမ်းထားရှိမှုတို့ကို စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပိုးချည်စက်ရုံ (ပြင်ဦးလွင်)မှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ စက်ရုံတာဝန်ခံက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

PPIB News



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပိုးချည်စက်ရုံ(ပြင်ဦးလွင်)အတွင်း ပိုးချည်ကောင်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပိုးချည်စက်ရုံ(ပြင်ဦးလွင်)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

✣ **၂၀၂၆ ခုနှစ်မှ**

၂။ အဆိုပါအမှတ်စာရင်းများကို ၁၆-၇-၂၀၂၆ ရက်နေ့ (ကြာသပတေးနေ့)မှစတင်၍ မိမိလျှောက်ထားခဲ့သည့် **မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၅၂)၊ နေပြည်တော် (သို့မဟုတ်) မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန(ရုံးခွဲ)၊ (၁၂)ရပ်ကွက်၊ ပါရမီလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့** တို့တွင် DME Online Service Portal က ထုတ်ပေးသည့် QR Code နှင့် လုပ်ငန်းစဉ်နံပါတ်ပြသ၍ လာရောက်လျှောက်ထား ထုတ်ယူရပါမည်။

၃။ လာရောက်ထုတ်ယူရန် အခက်အခဲရှိသူများအနေဖြင့် DME Online Service Portal တွင် လျှောက်ထားပါက မြန်မာ့စာတိုက်လုပ်ငန်း၏ စာပို့စနစ်ဖြင့် ပို့ဆောင်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် မြို့၏အစဉ်အလာကောင်းများအား စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်ရေး ဆွေးနွေးမှာကြား

# သမိုင်းကြောင်းစဉ်လာကောင်းများဖြင့် ပြည့်စုံပြီး တန်ဖိုးကြီးမားလှသည့် ပြင်ဦးလွင်မြို့၏ ထူးခြားသည့် ရေခံမြေခံနှင့် ဝိသေသဂုဏ်ပုဒ်များကို စဉ်ဆက်မပြတ် ထိန်းသိမ်းသွားကြရမည်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် မြို့၏အစဉ်အလာကောင်းများအား စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်ရေး ဆွေးနွေးမှာကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇူလိုင် ၁၀ ရက်နေ့ မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ မြို့မိမြို့ဖအဖွဲ့မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များအား အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်းရှိ ရှင်းလင်းဆောင်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့၏အစဉ်အလာကောင်းများ စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ ဦးဆန်းဦး၊ ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကိုကိုဦး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြင်ဦးလွင်မြို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက ပြင်ဦးလွင်မြို့မှ မြို့မိမြို့ဖအဖွဲ့ဝင်များအား ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ပြင်ဦးလွင်ဒေသသည် သမိုင်းကြောင်း အစဉ်အလာအရ ထင်ရှားသည့် တောင်ပေါ်မြို့တစ်မြို့ဖြစ်ပြီး ပန်းမြို့တော်၊ အပန်းဖြေမြို့တော်ဟူ၍ ခေါ်ဆိုခဲ့ကြကြောင်း၊ မြို့၏ ကောင်းမြတ်သည့် သမိုင်းကြောင်းစဉ်လာများကို မိမိတို့အနေဖြင့် လက်ဆင့်ကမ်း ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ခေတ်စနစ်များ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လူတို့၏နေထိုင်မှုပုံစံများသည်လည်း အဆင့်ဆင့်ပြောင်းလဲတိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး နေအိမ်အဆောက်အအုံများ၊ လမ်းတံတားများသည်လည်း များစွာတိုးတက်ပြောင်းလဲလာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့သည် ထူးခြားသည့် ရေခံမြေခံနှင့် သာယာလှပသော မြို့တစ်မြို့ဖြစ်ပြီး ကောင်းမွန်သည့်အစဉ်အလာကောင်းများကို စဉ်ဆက်မပြတ် ဆက်လက် ထိန်းသိမ်းနိုင်ရေးအတွက် ဒေသတွင်နေထိုင်သူများက ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပြင်ဦးလွင်မြို့ မြို့မိမြို့ဖအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသရှိ လူဦးရေ၏ ၇၂ ဒသမ ၅ ရာခိုင်နှုန်းသည် ဒေသခံများဖြစ်ကြပြီး ကျန်သည့်သူများသည် အခြားသော ဒေသများမှ ပြောင်းရွှေ့ရောက်ရှိလာကြသူများ ဖြစ်ကြကြောင်း၊ မည်ကဲ့သို့ပင်ဖြစ်စေ မိမိတို့နေထိုင်သည့်မြို့ကို ဒေသတွင်နေထိုင်ကြသူများ အားလုံးက စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း။

> ☆ **ပြင်ဦးလွင်မြို့သည် ထူးခြားသည့် ရေခံမြေခံနှင့် သာယာလှပသော မြို့တစ်မြို့ဖြစ်ပြီး ကောင်းမွန်သည့်အစဉ်အလာကောင်းများကို စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ဒေသတွင်နေထိုင်သူများက ဆောင်ရွက်ကြရမည်ဖြစ်**

ပြင်ဦးလွင် မြို့တော်သည် အပန်းဖြေမြို့တော်ဖြစ်ပြီး လက်ရှိအချိန်၌ ခေတ်စနစ်နှင့် လူနေမှုပုံစံများ တိုးတက်ပြောင်းလဲလာခြင်း၊ ဒေသတွင်းနေထိုင်သူများပြားလာခြင်းများကြောင့် သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းမှာ ကျဆင်းလျက်ရှိကြောင်း၊ ပြင်ဦးလွင်ဒေသကို ချယ်ရီမြို့တော်အဖြစ် ပြန်လည် အသက်သွင်းနိုင်ရေး မိမိအနေဖြင့် လမ်းညွှန်မှာကြားခဲ့ပြီး အကောင်အထည်ဖော်စေလျက်ရှိကြောင်း၊ ဒေသနှင့်ကိုက်ညီပြီး ရာသီဥတုညီညွတ်မျှတမှုနှင့် စိမ်းလန်းစိုပြည်မှုကို ဖြစ်ပေါ်စေနိုင်သည့် ထင်းရှူးပင်၊ ခါတော်မီပင်၊ စိန်ပန်းပြာပင်တို့ကိုလည်း တစ်အုပ်တစ်မ ပြန်လည် စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ဒေသ၏ထူးခြားသည့် ဝိသေသများဖြစ်သော ချယ်ရီမြို့တော်၊ ပန်းမြို့တော်ဆိုသည့် အမည်နာမကို ပြန်လည်အသက်သွင်း အကောင်အထည်ဖော်ပေးရမည်ဖြစ်ကြောင်း၊ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်၊ အေးမြသာယာသော ရာသီဥတုတို့နှင့်အတူ ကျန်းမာရေးမြို့တော်၊ ကော်ဖီမြို့တော် ဖြစ်စေရေးအတွက်လည်း အကောင်အထည်ဖော် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် ကော်ဖီထုတ်ကုန်များသည် ပြည်တွင်းပြည်ပ၌ နာမည်ကောင်းရပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ထုတ်ကုန်တစ်ခုဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသသည် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**စာမျက်နှာ ၈ သို့ ✻**

* စာမျက်နှာ ၇ မှ

ထို့ပြင် ပြင်ဦးလွင်ဒေသသည် ပညာရေးနှင့် ပတ်သက်၍လည်း အစဉ်အလာ ကောင်းများနှင့် ပြည့်စုံသည့် ဒေသတစ်ခုဖြစ်ပြီး ပညာရေးမြို့တော်အဖြစ်သို့လည်း ရောက်ရှိလာပြီ ဖြစ်ကြောင်း၊ ထိုကဲ့သို့သော ဒေသ၏ ကောင်းမြတ်သည့် ဝိသေသများနှင့် သာယာလှပမှုများကြောင့် ဒေသသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားများသည်လည်း တိုးတက်များပြား လာလျက်ရှိကြောင်း၊ **“အိမ်သာ၍ ဧည့်လာသည်”** ဖြစ်သဖြင့် ပြင်ဦးလွင်ဒေသ၌ နေထိုင်ကြသူများအနေဖြင့် မိမိတို့ဒေသ၏ သန့်ရှင်းသာယာလှပရေး၊ နေထိုင်သွားလာစားသောက်ရေးတို့ အတွက် ဝန်ဆောင်မှုကောင်းပေးနိုင်ရေးတို့အတွက် ဒေသခံတစ်ဦးချင်းစီမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ပြင်ဦးလွင်မြို့ မြို့မိမြို့ဖအဖွဲ့အနေဖြင့် မိမိတို့ဒေသကို မည်ကဲ့သို့ ကောင်းအောင်ဆောင်ရွက်မည်ကို ဘက်ပေါင်းစုံမှ ဆွေးနွေးတိုင်ပင်ဆောင်ရွက်သွားကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

### မြို့မိ မြို့ဖအဖွဲ့မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးတင်ပြ

ထို့နောက် မြို့မိမြို့ဖအဖွဲ့မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များကိုယ်စား မြို့မိမြို့ဖအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင်က ပြင်ဦးလွင်မြို့မိ မြို့ဖအဖွဲ့အား နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ဖွဲ့စည်းခဲ့မှု၊ ဖွဲ့စည်းပြီးသည့် နောက်ပိုင်းတွင် ဒေသ၏ ကောင်းရာကောင်းကျိုးလုပ်ငန်းများ ဖြစ်ပေါ်လာစေရေး ဆွေးနွေးတိုင်ပင် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိမှု၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုရေး အခန်းကဏ္ဍတို့၌လည်း တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေးလျက်ရှိမှု၊ ကန်တော်လေးပတ်လမ်းအနေဖြင့် လက်ရှိအချိန်တွင် ယိုယွင်းပျက်စီးလာပြီ ဖြစ်သဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ ကျန်းမာရေးမြို့တော်အဖြစ် ဖော်ဆောင်နေမှုနှင့်အတူ ဒေသ၌ လိုအပ်လျက်ရှိသည့် ကျောင်းအားကစားကွင်းများ၊ ရေကူးကန်များ၊ တင်းနစ်ကွင်းများကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှု၊ ဂဲလောင်ချောင်းအတွင်း နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးထားသည့်အတွက် ရေစီးရေလာများ ကောင်းမွန်လျက်ရှိပြီး ရေရှည်ကောင်းမွန်တည်တံ့စေရေးအတွက် လိုအပ်သည့် နေရာများတွင် မြေထိန်းနံရံများနှင့် လျှောက်လမ်းနေရာများ ထည့်သွင်းဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် သွင်းအားစုနှင့် အရင်းအနှီးများ ဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအချင်းချင်း ဆက်သွယ်ထားသည့် လမ်းကြောင်းများအနက် ကောင်းမွန်ခြင်းမရှိသည့် အချို့သောလမ်းများအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှုတို့နှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ဒေသဖွံ့ဖြိုးတိုတက်ရေးနှင့် ဒေသ၏ သမိုင်းတန်ဖိုးကြီးမားသည့် အမွေအနှစ်များ ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ဆွေးနွေးပြောကြားရာတွင် ရပ်ကွက်၊ ကျေးရွာချင်းဆက် လမ်းများအနက် အဆင့်မြှင့်တင်ပေးသွားရန်လိုသည့် လမ်းကြောင်းများအား သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် စည်ပင်သာယာရေး ကော်မတီတို့မှစိစစ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ လူတို့၏ နေ့စဉ်ဘဝစားဝတ်နေရေးတွင် စားသောက်ရေးသည် အရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်လျက်ရှိပြီး မိမိတို့နိုင်ငံနည်းတူ ကမ္ဘာ့နိုင်ငံများအသီးသီး၌လည်း စားရေရိက္ခာလုံခြုံရေးနှင့်ပတ်သက်၍ အလေးထား ဖြေရှင်းဆောင်ရွက်ရလျက် ရှိကြောင်း၊ လူတစ်ဦးချင်းစီအလိုက် စားသောက်နေထိုင်ရေး အဆင်ပြေချောမွေ့စေရန် အတွက် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို မဖြစ်မနေ အားပေးဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများရှိမှသာလျှင် ရောင်းကုန်ပစ္စည်းများ ရရှိမည်ဖြစ်ပြီး ငွေကြေးလည်ပတ်မှုကို ဖြစ်ပေါ်စေမည် ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသ၌ ဒေသတွင်နေထိုင်ကြသူများ၏ စားရေရိက္ခာဖူလုံမှုရှိစေရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် လျာထားတွက်ချက်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ သောက်သုံးရေများ လုံလောက်စွာ ရရှိစေရေးအတွက်လည်း မိမိတို့အနေဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိပြီး ရေအရင်းအမြစ်များရှိရာ ဆည်တာတမံများ၊ ချောင်းများ၏ ရေအရင်းအမြစ်နေရာများကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

မြို့သာယာ လှပရေးနှင့် ပတ်သက်၍ သန့်ရှင်းသာယာလှပသည့် ပတ်ဝန်းကျင်နှင့် စိမ်းလန်းစိုပြည်မှုကို ဖန်တီးပေးသွားရန်လိုကြောင်း၊ နေအိမ်တစ်အိမ်ချင်းစီအလိုက်၊ လမ်းတစ်လမ်းချင်းစီအလိုက်၊ ရပ်ကွက်၊ ကျေးရွာများတစ်ခုချင်းစီအလိုက် စည်းကမ်းစနစ်တကျရှိခြင်း၊ သစ်ပင်ပန်းမန်များ စိုက်ပျိုးခြင်း၊ သန့်ရှင်းရေးစနစ်တကျ ဆောင်ရွက်ခြင်းတို့ဖြင့် သန့်ရှင်းသာယာလှပမှုနှင့် စိမ်းလန်းစိုပြည်မှုတို့ကို ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုများကို မြို့နေလူထုက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားခြင်းဖြင့် မြို့၏ ကောင်းမြတ်သည့် ဂုဏ်သတင်းကို ဆက်လက်ထိန်းသိမ်းနိုင်မည် ဖြစ်ကြောင်း၊ ချယ်ရီပင်များအား မိမိအနေဖြင့် ပြန်လည်စိုက်ပျိုးစေလျက်ရှိပြီး ချယ်ရီပင်များနှင့် ပြင်ဦးလွင်သည် ခွဲ၍မရသည့် အစဉ်အလာ ကောင်းများရှိခဲ့ကြောင်း၊ ချယ်ရီပင်များ ပြန်လည်စိုက်ပျိုးစေခြင်းအားဖြင့် သာယာလှပမှုနှင့် စိမ်းလန်းစိုပြည်မှုကို အထောက်အကူများစွာဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ စိမ်းလန်းစိုပြည်မှုနှင့် သာယာလှပပြီး မျက်စိပသာဒဖြစ်ဖွယ် မြင်ကွင်းများသည် ပြင်ဦးလွင်ဒေသ၏ အဖိုးမဖြတ်နိုင်သည့် Land Mark တစ်ခုပင်ဖြစ်သဖြင့် ဒေသတွင် နေထိုင်သူများအားလုံးက ကိုယ်စီအသိစိတ်ဖြင့် ဆက်လက်ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

ဒေသ၏ အေးချမ်းသာယာလှပမှုနှင့်အတူ ဒေသတွင်းသို့ လာရောက် နေထိုင်ကြသည့်သူများနှင့် လာရောက်လည်ပတ်ကြသည့်သူများ များပြားလာသည်နှင့်အမျှ ဒေသ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်သည်ဖြစ်သော်လည်း မြို့ပြလုံခြုံရေးအတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိနေရမည်ဖြစ်ကြောင်း။

မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်သကဲ့သို့ ကျေးလက် ဒေသများနှင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက်လည်း စီမံဆောင်ရွက်ပေးသွားကြရမည် ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသရှိ ရှေးဟောင်း အဆောက်အအုံများသည်လည်း တန်ဖိုးဖြတ်၍ မရနိုင်သည့် အမွေအနှစ်များပင်ဖြစ်သဖြင့် ပျက်စီးယိုယွင်းမှုမရှိစေရေး စဉ်ဆက်မပြတ် ထိန်းသိမ်းခြင်း၊ မူလလက်ရာများ မပျောက်ပျက်အောင် စနစ်တကျထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသ၌ ယခင်က သစ်ပင်ကြီးများ များစွာပေါက်ရောက်လျက်ရှိပြီး လက်ရှိအချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းလာလျက်ရှိသည်ကို တွေ့မြင်နေရကြောင်း၊ အန္တရာယ်ရှိ သစ်ပင်များ၊ လမ်းမကြီးများနှင့် မလွတ်ကင်းသည့် သစ်ပင်များကို ဖယ်ရှားရှင်းလင်းခြင်းများ လိုအပ်ပါက ဆောင်ရွက်ကြရသော်လည်း သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုးခြင်းဖြင့်လည်း စဉ်ဆက်မပြတ်သည့် စိမ်းလန်းစိုပြည်မှုကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပညာရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံ၏ ပညာရေးသည် မဖြစ်မနေပြုပြင်ပြောင်းလဲရမည် ဖြစ်သဖြင့် ပညာရေးကဏ္ဍကို မိမိတို့အနေဖြင့် အလေးထားအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ KG + 9 အထိအား မသင်မနေရ ပညာရေးအဖြစ်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပြင်ဦးလွင်ဒေသသည် ပညာရေးတွင် အစဉ်အလာကောင်းများရှိပြီး တန်းစဉ်ကူးပြောင်းမှုများ ရာခိုင်နှုန်းမြင့်မားစေရေးအတွက်လည်း ကျောင်းသားမိဘ၊ ဆရာအားလုံးက အလေးထား ဆောင်ရွက်သွားကြစေလိုကြောင်းနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသည့် ပြင်ဦးလွင်မြို့ မြို့မိ မြို့ဖအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း ဘာဂီယာဉ်ငယ်များဖြင့် လှည့်လည်၍ ဥယျာဉ်အတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဝါးပင်တန်းလျှောက်လမ်း ဆောင်ရွက်ထားရှိမှု၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ် ဒေသအစိုးရအဖွဲ့မှ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အပေါ် အလေးအနက်ထား လေးစားမှုရှိကြောင်း ဖော်ညွှန်းသည့်အနေဖြင့် လက်ဆောင်ပေးအပ်ခဲ့သည့် ဆိုက်ဘေးရီးယား စီဒါရုံပျိုးပင်အား စိုက်ပျိုးထားရှိမှု၊ အမျိုးသားကန်တော်ကြီး ဥယျာဉ် နှစ်(၁၀၀) ပြည့်အထိမ်းအမှတ် ချယ်ရီပင်စိုက်ပျိုးထားရှိမှု၊ သစ်ပင်ပန်းမန်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ခရိုင်အားကစားကွင်းသို့ ရောက်ရှိကြပြီး ရေကူးကန်တည်ဆောက်ရန် လျာထားသည့် မြေနေရာအား ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

- ☆ **ဒေသ၏ အေးချမ်းသာယာလှပမှုနှင့်အတူ ဒေသတွင်းသို့ လာရောက်နေထိုင်ကြသည့်သူများနှင့် လာရောက်လည်ပတ်ကြသည့်သူများ များပြားလာသည်နှင့်အမျှ ဒေသ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်သည်ဖြစ်သော်လည်း မြို့ပြလုံခြုံရေးအတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိအမြဲရှိနေရမည်**
- ☆ **ပြင်ဦးလွင်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများသည်လည်း တန်ဖိုးဖြတ်၍မရနိုင်သည့် အမွေအနှစ်များပင်ဖြစ်သဖြင့် ပျက်စီးယိုယွင်းမှုမရှိစေရေး စဉ်ဆက်မပြတ်ထိန်းသိမ်းခြင်း၊ မူလလက်ရာများ မပျောက်ပျက်အောင် စနစ်တကျထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်သွားကြရန်လို**

PPIB News

## မင်းတုန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**မင်းတုန်း ဇူလိုင် ၁၁**

မကွေးတိုင်း ဒေသကြီး မင်းတုန်းမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လင်းနှင့် ဝန်ထမ်းများက ယနေ့တွင် အမှတ်(၄)ရပ်ကွက် အမက၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးကြသည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အသက်(၁၀)နှစ်အထက် ကျောင်းသား ၂၉ ဦး၊ ကျောင်းသူ ၁၉ ဦး စုစုပေါင်း ၄၈ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ချင်းကလေး(NRDC)**

## လက်ပံတန်းမြို့နယ်၌ စာအုန်းဆီရောင်းချနေမှု ပူးပေါင်းအဖွဲ့ ကွင်းဆင်းစစ်ဆေး

**လက်ပံတန်း ဇူလိုင် ၁၁**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနိုင်လင်းထွန်း၊ သာယာဝတီခရိုင် ဆီကုန်သည်များအသင်းဥက္ကဋ္ဌ ဦးပြည့်ဖြိုးပိုင်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ စားအုန်းဆီများရောင်းချပေးနေမှု လုပ်ငန်းများ၌ ဆီရရှိမှု သုံးစွဲနေမှု အခြေအနေများကို ဇူလိုင် ၁၀ ရက်က ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ စစ်ဆေးရာတွင် ကိုယ်စားလှယ်ဆိုင်များက စားသုံးသူပြည်သူများကို ရောင်းချပေးရာ၌ မှန်ခြောက်မှန်ဖြင့် ရောင်းချပေးမှု ရှိ၊ မရှိ၊ လုပ်ငန်းများ၌ စားအုန်းဆီများ ရရှိသုံးစွဲနေမှုများနှင့် သက်ဆိုင်ရာက ကန့်သတ်ထားသည့် ဘူးသွတ်ဆီများ ဈေးကွက်အတွင်း ရောင်းချနေမှု မရှိစေရေးတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

☆ ဒုတိယသမ္မတမှ

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြား သံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးညိုစောက **ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ကိုယ်စား တက်ရောက်အမှာစကား ပြောကြားခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊** မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားများကို အစဉ်တစိုက်အလေးအနက်ထား ကျင်းပလာခဲ့သည်မှာ (၃၇)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ လူဦးရေပြောင်းလဲမှုဆိုင်ရာအသိအမြင်၊ မူဝါဒနှင့် လက်တွေ့ဆောင်ရွက်မှုများကို လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိအောင် ပြန်လည်သုံးသပ်ရန်နှင့် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများကို ပိုမိုထိရောက်အောင် အကောင်အထည်ဖော်ရန် အရေးပါသည့် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ကြောင်း။

လူဦးရေပြောင်းလဲမှု ဖြစ်စဉ်သည် ကုလသမဂ္ဂက ချမှတ်ထားသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနှင့် တိုက်ရိုက် ဆက်နွှယ်နေကြောင်း၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ ကျန်းမာရေး ကောင်းမွန်ရေး၊ အရည်အသွေးရှိသည့် ပညာရေးရရှိရေး၊ ကျားမတန်းတူညီမျှရေး၊ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်ဖန်တီးရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် အားကောင်းရေးတို့သည် လူဦးရေဖွဲ့စည်းမှုနှင့် လူဦးရေပြောင်းလဲမှုဆိုင်ရာ အချက်အလက်များကို နက်နက်ရှိုင်းရှိုင်း နားလည်ထားမှသာ ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို မဟာဗျူဟာမြောက်ဆောင်ရွက်ရာတွင် မျက်မှောက်ကာလ လူဦးရေအခြေအနေ၊ အနာဂတ်ခန့်မှန်းချက်နှင့် ဒေသအလိုက်လူဦးရေကွာခြားချက်များကို မဖြစ်မနေ အလေးထားသုံးသပ်လုပ်ဆောင်ကြရန် လိုအပ်ကြောင်း။

တိကျမှန်ကန်သည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန် နိုင်ငံတော်၏ နယ်မြေဒေသအသီးသီးရှိ လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အခြေခံအချက်အလက်များ ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန်ရရှိရန် လိုအပ်ကြောင်း၊ သန်းခေါင်စာရင်း၊ စစ်တမ်းများနှင့် စာရင်းအင်းစနစ်များသည် အနာဂတ်မူဝါဒချမှတ်ရေး၊ ရင်းနှီးမြှုပ်နှံမှု ဦးစားပေးသတ်မှတ်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စေရေး၊ ဒေသန္တရဖွံ့ဖြိုးရေးအစီအမံများ ရေးဆွဲချမှတ်ရေးတို့သည် အသက်တမျှ အရေးပါသည့် အခြေခံအချက်အလက်များပင်ဖြစ်ကြောင်း။

လူဦးရေပြောင်းလဲမှုသည် မိမိတို့နိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နိုင်သကဲ့သို့ နိုင်ငံ၏အနာဂတ်ကို မဟာဗျူဟာမြောက် ပြန်လည်ပုံဖော်နိုင်မည့် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရဌာနများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးက လူ့ဂုဏ်သိက္ခာကိုဗဟိုပြုပြီး အခွင့်အရေးကို အခြေခံသည့်၊ မျှတပြီး မျှော်လင့်ချက်ရှိသည့် လူမှုစီးပွားအသိုက်အဝန်းကောင်းတစ်ရပ်ကို အတူတကွတည်ဆောက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် Animation Clip ကို ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အဖြစ် ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုအားပေးသည်။ **သတင်းစဉ်**

ဓာတ်ပုံများကြည့်ရန်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် (၈)ကြိမ်မြောက် ဟေလုံကျန်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးညီလာခံ တက်ရောက်

နေပြည်တော် ဇူလိုင် ၁၁

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာစေရန်ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဌာနနှင့် ကျီးရှီးမြို့နီစီပယ်အစိုးရတို့၏ ဖိတ်ကြားချက်အရ ဇူလိုင် ၈ ရက်နှင့် ၉ ရက်တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ကျီးရှီးမြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက် ဟေလုံကျန်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးညီလာခံသို့ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်အဖွဲ့ ပါဝင်တက်ရောက်ကြသည်။

ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျီးရှီးမြို့ မြို့တော်ဧည့်ခံရေးစင်တာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာ ကော်မတီအတွင်းရေးမှူး မစ္စတာရှုချင်း (Xu Qin) နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးနှင့် ဟေလုံကျန်းကိုယ်စားလှယ်အဖွဲ့တို့အကြား ယခင်က ဆွေးနွေးခဲ့သည့် ဆွေးနွေးပွဲရလဒ်များကို မြန်မာနိုင်ငံအနေဖြင့် အလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ ထင်ရှားကျော်ကြားသော ဟာဘင်ရေခဲနှင့် ဆီးနှင်းကမ္ဘာ (Harbin Ice and Snow World) သည် မြန်မာပြည်သူများအကြား အထူးရေပန်းစား လူကြိုက်များလျက်ရှိသည့်အတွက် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာကဏ္ဍအသီးသီးနှင့် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိလာစေရန် မိတ်ဆက်ကြော်ငြာပေးသွားမည်ဖြစ်ကြောင်း၊ တစ်ဆက်တည်းအနေဖြင့် တရုတ်နိုင်ငံမှ ၂၀၂၇ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပပြုလုပ်မည့် ရေခဲပွဲတော်တွင် မြန်မာနိုင်ငံ၏ အထင်ကရအထိမ်းအမှတ် (Landmark) တစ်ခုအား ရေခဲပုံထုဆစ်ပြသပေးပါရန် ကြိုတင်အဆိုပြုထားမှုအပေါ် တရုတ်-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုထင်ဟပ်ပေါ်လွင်စေရန်အတွက် မြန်မာနိုင်ငံ၏ အထင်ကရအထိမ်းအမှတ်တစ်ခုအား ရေခဲပုံထုဆစ်ပြသသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။



တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာ ကော်မတီအတွင်းရေးမှူး ရှုချင်း (Xu Qin) က ဟေလုံကျန်းပြည်နယ်၏ ထူးခြားဆန်းသစ်သော ရေခဲပြင်နှင့် ဆီးနှင်းရှုခင်းများ၊ မြန်မာနိုင်ငံ၏ လှပသော အပူပိုင်းဒေသရှုခင်းများကို အခြေခံ၍ ရေခဲပြင်၊ ဆီးနှင်းနှင့် အပူပိုင်းဒေသ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုကဏ္ဍကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံလူငယ်များအကြား လူငယ်လေ့လာရေးခရီးစဉ်များ ဖော်ဆောင်ရေး အပါအဝင် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တရုတ်နိုင်ငံ၏ သတင်းမီဒီယာများဖြစ်သည့် ဟေလုံကျန်းနေ့စဉ်သတင်းဌာနနှင့် ဟေလုံကျန်းရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနများ၏ တွေ့ဆုံမေးမြန်းမှုကို ဖြေကြားသည်။

ညနေပိုင်းတွင် ကျီးရှီးမြို့ ကွန်ဗန်းရှင်းစင်တာ၌ ကျင်းပပြုလုပ်သည့် ၂၀၂၆ ဟေလုံကျန်း ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးညီလာခံသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဇူလိုင် ၉ ရက်တွင် ကျီးရှီးမြို့ရှိ ခရီးသွားဆွဲဆောင်ရာနေရာများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပေ့တာဟွမ် (Beidahuang) လက်ရေးလှစာအနုပညာပြခန်း၊ မီဆန်းမြို့ (Mishan) ရှိ အာရှတိုက်တွင် အကြီးဆုံး ရေချိုနယ်စပ်ကန်ကြီးဖြစ်သည့် ရှင့်ခိုင်ရေကန် (Xingkai Lake) ရှုမျှော်စင်၊ ပိုင်ယွီဝမ်မြို့နယ် (Baiyuwan) ရှိ ဟူရန်ကျေးရွာ (Huran) ဒေသခံတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းများ၊ ကျေးလက်ခရီးသွားလုပ်ငန်းတို့ကို သွားရောက်လေ့လာကြသည်။

ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် ကျီးရှီးမြို့ ကျီးရှီးရေခဲပြင်အားကစားကွင်းရှိ ရေခဲပြင်နှင့် ဆီးနှင်းအားကစားကို အခြေခံသည့် အားကစားခရီးသွားလုပ်ငန်း (Sports Tourism) ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု အခြေအနေ၊ ဟေလုံကျန်းပြည်နယ်၏ ထူးခြားဆန်းသစ်သော ရာသီအလိုက် သဘာဝရှုခင်းများနှင့် ရေခဲပြင်၊ ဆီးနှင်းယဉ်ကျေးမှုဆိုင်ရာ အနုပညာပြကွက်များကို ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်ခင်းကျင်းပြသထားသော ဟာဘင်မြို့ Dream Ice and Snow Pavilion ရေခဲပြတိုက်တို့ကို သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



တိုက်ကြီးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေးခြင်းကို ဇူလိုင် ၁၀ ရက်တွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (တိုက်ကြီး)ရှိ အနော်ရထာခန်းမ၌ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင်နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ ၁၆၅ ဦးအား ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

# (၁၉) ကြိမ်မြောက် နိုင်ငံတစ်ဝန်း စုပေါင်းသွေးလှူဒါန်းမှုပြုလုပ်

ရန်ကုန် ဇူလိုင် ၁၁

MPT သည် သွေးလိုအပ်နေသော လူနာများကို ကူညီပံ့ပိုးပေးရန်နှင့် ပြည်သူ့ဆေးရုံကြီးများတွင် သွေးအလှူရှင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်၍ နိုင်ငံတစ်ဝန်းမှဝန်ထမ်းများ အတူတကွ စုပေါင်းပါဝင်သည့် နိုင်ငံတစ်ဝန်း (၁၉)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ ပြုလုပ်သည်။



MPT ၏ စဉ်ဆက်မပြတ်ဆောင်ရွက်နေသော လူမှုအကျိုးပြုလုပ်ငန်း (CSR)၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် MPT ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်း စုစုပေါင်း ၃၀၀ ခန့်သည် နေပြည်တော်ကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီးရှိ သတ်မှတ်ထားသော သွေးဌာနများတွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။ MT

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# ဉာဏ်ရည်တုနည်းပညာနှင့် ဉာဏမူပိုင်ခွင့်

မောင်မျိုးခိုင်(ကွန်ပျူတာတက္ကသိုလ်)

**ဉာဏ်ရည်တုနည်းပညာ (AI – Artificial Intelligence) သည် လူသားတို့၏ ဖန်တီးနိုင်စွမ်းကို အရှိန်အဟုန်မြင့်တင်ပေးနေသော်လည်း တစ်ဖက်တွင်မူ ရာစုနှစ်ပေါင်း များစွာတည်ဆောက်ခဲ့သည့် ဉာဏမူပိုင်ခွင့် (IPR – Intellectual Property Rights)ဆိုင်ရာ ဥပဒေဘောင်များကို ကြီးမားစွာစိန်ခေါ်လျက်ရှိပါသည်။**

AI က ထုတ်လုပ်လိုက်သည့် လက်ရာများသည် မည်သူ့တွင် မူပိုင်ခွင့်ရှိသနည်း၊ အချက်အလက်များကို ရယူအသုံးပြုခြင်းသည် မူပိုင်ခွင့်ချိုးဖောက်မှု ဖြစ်ပါသလားဟူသော မေးခွန်းများသည် ကမ္ဘာတစ်ဝန်းတွင် အငြင်းပွားဖွယ်ရာ ကိစ္စရပ်များဖြစ်လာခဲ့ပါသည်။ ဤဆောင်းပါးတွင် ဉာဏ်ရည်တုနည်းပညာ တိုးတက်လာမှုနှင့်အတူ ဒွန်တွဲပေါ်ပေါက်လာသည့် မူပိုင်ခွင့်ပြဿနာများ၊ နိုင်ငံတကာ၏ ဥပဒေကြောင်းအရ တုံ့ပြန်ဆောင်ရွက်မှုများနှင့် လူသားတို့၏ ဖန်တီးမှုအခွင့်အရေးကို မည်သို့ကာကွယ်ရမည်နည်းဆိုသည့် အချက်များကို ကမ္ဘာ့စံနှုန်းများနှင့်အညီ လေ့လာတင်ပြသွားမည်ဖြစ်သည်။

မြန်မာ့မူပိုင်ခွင့်ဥပဒေများတွင် မူပိုင်ခွင့်ဟူသည် "ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရပေးအပ်သည့် အခွင့်အရေးဖြစ်သည်" ဆိုသည့် ဖွင့်ဆိုချက်အတိုင်း လူသားတစ်ဦး၏ အသိဉာဏ်၊ စိတ်ကူးစိတ်သန်းနှင့် ကြိုးပမ်းအားထုတ်မှုကြောင့် ထွက်ပေါ်လာသည့် လက်ရာများကိုသာ အကာအကွယ်ပေးရန် ရည်ရွယ်ရင်းဖြစ်ပါသည်။

ကမ္ဘာ့ဉာဏမူပိုင်ခွင့်အဖွဲ့ (WIPO – World Intellectual Property Organization) ၏ အခြေခံမူဝါဒများနှင့် နိုင်ငံတကာမူပိုင်ခွင့်ဥပဒေအများစု၏ အဓိကကျောရိုးမှာလည်း "လူသားဗဟိုပြုချဉ်းကပ်နည်း" ဖြစ်ပါသည်။ AI စနစ်သည် "လူပုဂ္ဂိုလ်" မဟုတ်သဖြင့် AI က အလိုအလျောက်ထုတ်လုပ်ပေးလိုက်သည့် လက်ရာများကို ကမ္ဘာ့စံနှုန်းအရ မူပိုင်ခွင့်ပေးခြင်းလုံးဝမရှိဘဲ၊ လူသား၏ထိန်းကျောင်းမှုနှင့် စိတ်ကူးစိတ်သန်း မည်မျှပါဝင်သည်ဆိုသည့်အပေါ်တွင်သာ မူတည်၍ ဥပဒေအရ အကာအကွယ်ပေးခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကမ္ဘာ့ဉာဏမူပိုင်ခွင့်အဖွဲ့ (WIPO) ၏ဆွေးနွေးပွဲလမ်းညွှန်ချက်များအရ ဉာဏ်ရည်တုနည်းပညာနှင့် ဉာဏမူပိုင်ခွင့် ဆက်စပ်မှုကို အဆင့် (၃) ဆင့်ဖြင့် ခွဲခြားထားပြီး ကမ္ဘာ့နိုင်ငံအသီးသီးရှိ မူပိုင်ခွင့်ရုံးများနှင့် တရားရုံးများကလည်း ဤခွဲခြားမှုစံနှုန်းကိုပင် အခြေခံမှီငြမ်း၍ လိုက်နာကျင့်သုံးနေကြသည်ကို လေ့လာတွေ့ရှိရပါသည်။

### (၁) AI ကို အကူအညီအဖြစ်သာသုံးခြင်း (AI-supported)

ပထမအဆင့်အနေဖြင့် လူသားက ကိုယ်တိုင်အစအဆုံးဖန်တီးပြီး အခြေခံအပိုင်းများတွင်သာ AI ကို အကူအညီအဖြစ် အသုံးပြုထားခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် စာရေးဆရာ (သို့မဟုတ်) အနုပညာရှင်က မိမိကိုယ်တိုင်စာသားနှင့် ရုပ်ပုံတို့ကို ဖန်တီးပြီး AI ကိုမူ သဒ္ဒါအထားအသိုနှင့် စာလုံးပေါင်းစစ်ရန် (သို့မဟုတ်) အရောင်အသွေး အလင်းအမှောင် ချိန်ညှိရန်အတွက် သုံးစွဲခြင်းမျိုးဖြစ်သည်။ နိုင်ငံတကာစံနှုန်းများနှင့် မူပိုင်ခွင့်ရုံးများ၏ လမ်းညွှန်ချက်များအရ ဤကဲ့သို့ လူသား၏အဓိကကြိုးပမ်းမှုအပေါ် AI က သာမန်မျှ ကူညီပေးထားသည့် လက်ရာအားလုံးသည် လူသား၏ ကိုယ်ပိုင်လက်ရာအဖြစ် ရာနှုန်းပြည့် မူပိုင်ခွင့်အကာအကွယ်ရရှိကြောင်း တွေ့ရှိရပါသည်။

### (၂) AI နှင့် ပူးတွဲဖန်တီးခြင်း (AI-assisted)

ဒုတိယအဆင့်မှာ လူသား၏ စိတ်ကူးစိတ်သန်းနှင့် လမ်းညွှန်မှုအောက်တွင် AI က ပူးတွဲကူညီပေးခြင်းဖြစ်ပါသည်။ လူသားက ညွှန်ကြားချက်များ (Prompts) ကို စနစ်တကျပေးပြီးနောက် ထွက်ပေါ်လာသည့် AI လက်ရာများကို မိမိစိတ်ကြိုက် ပြန်လည်ပြင်ဆင်စီစဉ်ခြင်းမျိုး ဖြစ်သည်။ ကမ္ဘာ့သိသာဓကတစ်ခုအနေဖြင့် ၂၀၂၃ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် စာရေးဆရာမ Kristina Kashtanova ၏ 'Zarya of the Dawn' ကာတွန်းစာအုပ်အမှုတွင် အမေရိကန်မူပိုင်ခွင့်ရုံးက ဆုံးဖြတ်ခဲ့ရာ၌ သူကိုယ်တိုင် ရေးသားစီစဉ်ခဲ့သည့် စာသားများနှင့် ကာတွန်းစာအုပ်တစ်အုပ်လုံးကို မူပိုင်ခွင့်ပေးခဲ့သော်လည်း၊ AI ထံမှ တိုက်ရိုက်ထွက်လာပြီး လူသားကပြုပြင်ထားခြင်းမရှိသည့် ရုပ်ပုံတစ်ပုံချင်းစီကိုမူ မူပိုင်ခွင့်မပေးဘဲ ချန်လှပ်ခဲ့ပါသည်။ ဆိုလိုသည်မှာ လူသား၏ ပြုပြင်ဖန်တီးမှု မည်ရွေ့မည်မျှ အဓိကပါဝင်သနည်းဆိုသည့် အတိုင်းအဆအပေါ်မူတည်၍ မူပိုင်ခွင့် ရ၊ မရ ဆုံးဖြတ်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

### (၃) AI မှ အလိုအလျောက် ထုတ်လုပ်ပေးခြင်း (AI-generated)

တတိယအဆင့်မှာ လူသား၏အတွေးအခေါ်၊စိတ်ကူးစိတ်သန်းနှင့် ပြုပြင်ဖန်တီးမှု လုံးဝမပါဝင်ဘဲ AI စနစ်က အလိုအလျောက် ထုတ်လုပ်ပေးလိုက်ခြင်းဖြစ်ပါသည်။ ကမ္ဘာ့သိသာဓကတစ်ခုအနေဖြင့် ၂၀၁၈ ခုနှစ်တွင် ကွန်ပျူတာပညာရှင် Dr. Stephen Thaler က သူတီထွင်ထားသည့် 'Creativity Machine' ဟုခေါ်သော AI စနစ်ဖြင့် 'A Recent Entrance to Paradise' အမည်ရှိ ပန်းချီကားတစ်ချပ်ကို အလိုအလျောက် ရေးဆွဲခဲ့သည်။

သူသည် ၎င်းလက်ရာကို 'AI ကိုယ်တိုင်က ဖန်တီးရှင်' ဖြစ်သည်ဟုဆိုကာ မူပိုင်ခွင့်ရရှိရန် နှစ်ရှည်လများ ကြိုးပမ်းခဲ့သော်လည်း အမေရိကန်တရားရုံးအဆင့်ဆင့်က ပယ်ချခဲ့ပြီးနောက် ၂၀၂၆ ခုနှစ် မတ်လ ၂ ရက်နေ့တွင် အမေရိကန်တရားရုံးချုပ်က အယူခံဝင်ခွင့်ကို ထပ်မံပယ်ချခဲ့ပါသည်။ ထို့ကြောင့် မူပိုင်ခွင့်ဟူသည် လူသား၏ စိတ်ကူးစိတ်သန်းကိုသာ အသိအမှတ်ပြု အကာအကွယ်ပေးရန်ရည်ရွယ်သဖြင့် လူသား၏ ပါဝင်မှုမရှိသော AI က အလိုအလျောက် ထုတ်လုပ်ပေးသည့် လက်ရာများကို မူပိုင်ခွင့်ပေးခြင်း လုံးဝမရှိကြောင်း တွေ့ရှိရပါသည်။

လက်တွေ့တွင် လူသားက AI နည်းပညာကို ကူညီပံ့ပိုးသည့် ကိရိယာအဖြစ် အသုံးပြုခြင်း (သို့မဟုတ်) ပူးတွဲဖန်တီးခြင်း ကိစ္စရပ်များ၌ မည်သည့်အတိုင်းအဆအထိကို မူပိုင်ခွင့်ပေးရမည်နည်းဆိုသည်မှာ ယနေ့ထက်တိုင် "ယတိပြတ် လမ်းညွှန်ချက် မရှိသေးသော" မီးခိုးရောင်နယ်ပယ်ဖြစ်နေဆဲဖြစ်ပါသည်။ အမေရိကန်မူပိုင်ခွင့်ရုံးကဲ့သို့သော အဖွဲ့အစည်းများကပင် လက်ရာတစ်ခုတွင် လူသား၏ ပြုပြင်ဖန်တီးမှုရာခိုင်နှုန်း မည်မျှပါဝင်ရမည်ဟူသော တိကျသည့် ကိန်းဂဏန်းညွှန်ကြားချက်မျိုး ထုတ်ပြန်နိုင်ခြင်းမရှိသေးပေ။

အဘယ်ကြောင့်ဆိုသော် AI စနစ်တစ်ခုကို အသုံးပြုဖန်တီးရာတွင် လူသား၏ စိတ်ကူးစိတ်သန်းပါဝင်မှုကို စက်ကိရိယာဖြင့် တိုင်းတာ၍ မရနိုင်သောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ယတိပြတ်စည်းမျဉ်းများ ချမှတ်မည့်အစား လာရောက်လျှောက်ထားသည့် လက်ရာတစ်ခုချင်းစီ၏ နောက်ကွယ်က ဖန်တီးမှုလုပ်ငန်းစဉ်အပေါ်မူတည်၍ ခက်ခဲစွာ စိစစ်ဆုံးဖြတ်နေရဆဲ ဖြစ်ပါသည်။

ထိုသို့ စိစစ်ရာ၌ ၎င်းလက်ရာ ပေါ်ထွက်လာသည့် လုပ်ငန်းစဉ်အဆင့်ဆင့်အပေါ်အခြေခံ၍ "လူသား၏ လက်တွေ့ပါဝင်မှုနှင့် တီထွင်ဆန်းသစ်မှု ထိန်းချုပ်နိုင်စွမ်း" ကို အဓိကစံနှုန်းအဖြစ် တိုက်ဆိုင်စစ်ဆေးခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ ဖန်တီးရှင်သည် AI ထံ ညွှန်ကြားချက်များ (Prompts) ပေးရုံမျှမက လက်ရာတစ်ခု၏ အဓိကကျသော အနှစ်သာရ၊ အလှအပနှင့် ပုံသဏ္ဍာန်ကို မိမိကိုယ်တိုင်မည်မျှထိန်းချုပ်ပုံဖော်ခဲ့သနည်းဟူသော လုပ်ငန်းစဉ်မှတ်တမ်း အထောက်အထားများကို တင်ပြရခြင်းဖြစ်ပါသည်။

အကယ်၍ လူသား၏ အသိဉာဏ်နှင့် စိတ်ကူးစိတ်သန်းက ရှေ့မှဦးဆောင်မောင်းနှင်ပြီး AI ကို ကူညီပံ့ပိုးသည့် ကိရိယာအဖြစ်သာ သုံးခဲ့ခြင်းဖြစ်ပါက မူပိုင်ခွင့်ရနိုင်သော ပထမနှင့် ဒုတိယအဆင့်များအဖြစ် သတ်မှတ်လေ့ရှိပြီး လူသားက ခလုတ်နှိပ်ရုံမှလွဲ၍ ကျန်ရှိသည့် ဖန်တီးမှုအားလုံးကို AI စနစ်ကသာ ၎င်းဘာသာ အလိုအလျောက် ဆုံးဖြတ်လုပ်ဆောင်သွားခြင်းဖြစ်ပါက မူပိုင်ခွင့်မရနိုင်သော တတိယအဆင့်အဖြစ် ခွဲခြားသတ်မှတ်ကြောင်း တွေ့ရှိရပါသည်။

AI တွင် မူပိုင်ခွင့်ပြဿနာတွေ့ရှိနိုင်သည့် အဓိကနေရာနှစ်ခုရှိပြီး ၎င်းတို့မှာ AI စနစ်များ လေ့ကျင့်သင်ကြားရာတွင် ထည့်သွင်းအသုံးပြုသည့် သွင်းအားစုအချက်အလက် (ကုန်ကြမ်း)ပိုင်းနှင့် AI မှ ထုတ်လုပ်ပေးလိုက်သည့် ရလဒ်(ကုန်ချော)ပိုင်းတို့ ဖြစ်ပါသည်။

> **ပထမအဆင့်အနေဖြင့် လူသားက ကိုယ်တိုင်အစအဆုံးဖန်တီးပြီး အခြေခံအပိုင်းများတွင်သာ AI ကို အကူအညီအဖြစ် အသုံးပြုထားခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် စာရေးဆရာ (သို့မဟုတ်) အနုပညာရှင်က မိမိကိုယ်တိုင် စာသားနှင့်ရုပ်ပုံတို့ကိုဖန်တီးပြီး AI ကိုမူ သဒ္ဒါအထားအသိုနှင့် စာလုံးပေါင်းစစ်ရန် (သို့မဟုတ်) အရောင်အသွေး အလင်းအမှောင် ချိန်ညှိရန်အတွက် သုံးစွဲခြင်းမျိုးဖြစ်သည်။ နိုင်ငံတကာစံနှုန်းများနှင့် မူပိုင်ခွင့်ရုံးများ၏ လမ်းညွှန်ချက်များအရ ဤကဲ့သို့ လူသား၏အဓိကကြိုးပမ်းမှုအပေါ် AI က သာမန်မျှကူညီပေးထားသည့် လက်ရာအားလုံးသည် လူသား၏ကိုယ်ပိုင်လက်ရာအဖြစ် ရာနှုန်းပြည့် မူပိုင်ခွင့်အကာအကွယ်ရရှိကြောင်း တွေ့ရှိရ**

ပထမပြဿနာမှာ Generative AI စနစ်များ တိုးတက်ကောင်းမွန်လာစေရန် အင်တာနက်ပေါ်ရှိ လူသားတို့ ဖန်တီးထားသော မူပိုင်ခွင့်ရှိပြီးသား အနုပညာလက်ရာများ၊ စာအုပ်များ၊ ပန်းချီကားများနှင့် သတင်းဆောင်းပါးများကို ဖန်တီးရှင်တို့၏ ခွင့်ပြုချက်မရရှိဘဲ ရယူသုံးစွဲလေ့ကျင့်ပေးခြင်းကြောင့် ဖြစ်ပေါ်ရသည့် အသုံးပြုအချက်အလက်ဆိုင်ရာ ပြဿနာဖြစ်ပါသည်။ သာဓကအားဖြင့် ၂၀၂၃ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သည့် ဖြစ်ရပ်နှစ်ခုကို လေ့လာနိုင်ပါသည်။ ၎င်းတို့မှာ The New York Times သတင်းစာကြီးက မိမိတို့၏ ကိုယ်ပိုင်သတင်းဆောင်းပါးများကို ခွင့်ပြုချက်မရှိဘဲ ရယူသုံးစွဲမှုဖြင့် OpenAI ကုမ္ပဏီကို တရားစွဲဆိုခဲ့ခြင်းနှင့် ဖန်တီးသူအနုပညာရှင်များက မိမိတို့၏ ကိုယ်ပိုင်လက်ရာများကို ခွင့်ပြုချက်မရှိဘဲ ရယူသုံးစွဲမှုဖြင့် Midjourney အပါအဝင် AI ကုမ္ပဏီများကို တရားစွဲဆိုခဲ့ခြင်းတို့ဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့ဉာဏမူပိုင်ခွင့်အဖွဲ့ (WIPO) အနေဖြင့် နောင်တွင် ဖန်တီးရှင်များကို ကာကွယ်ရန် "ပွင့်လင်းမြင်သာမှုရှိစွာ အသိပေးရမည့်စနစ်" (Transparency Obligations) ကျင့်သုံးကြရန် အကြံပြုခဲ့ရပါသည်။

ဒုတိယပြဿနာမှာ လူသားက ညွှန်ကြားချက် (Prompt) ပေးပြီး AI ထံမှ ထွက်ပေါ်လာသည့် လက်ရာများတွင် မူပိုင်ခွင့်မည်မျှရနိုင်သနည်းဟူသော ရလဒ်ထွက်ကုန်အပိုင်းတွင်တွေ့ရသည့် ပြဿနာဖြစ်ပါသည်။ ဂီတနယ်ပယ်မှ ထင်ရှားသောသာဓကတစ်ခုမှာ ၂၀၂၃ ခုနှစ်တွင် အင်တာနက်ပေါ်၌ ကမ္ဘာတစ်ဝန်းရေပန်းစားခဲ့သည့် 'Heart on My Sleeve' အမည်ရှိ သီချင်းဖြစ်ပါသည်။ ဤသီချင်းသည် ကမ္ဘာကျော် အဆိုတော်များဖြစ်ကြသည့် Drake နှင့် The Weeknd တို့ ပူးပေါင်းသီဆိုထားသည့် ပုံစံမျိုးဖြစ်သော်လည်း လက်တွေ့တွင်မူ Ghostwriter အမည်ရှိ အသုံးပြုသူတစ်ဦးက AI စနစ်ကို ညွှန်ကြားချက်များပေး၍ အဆိုပါအဆိုတော်နှစ်ဦး၏အသံကို အတုယူဖန်တီးခိုင်းခဲ့ခြင်း (AI Vocal Filter) သာ ဖြစ်သည်။

ထိုသီချင်းကိုဖန်တီးသူက မူပိုင်ခွင့်ရရှိရန်နှင့် ဂရမ်မီဂီတဆုပြိုင်ပွဲဝင်ရန် ကြိုးပမ်းခဲ့သော်လည်း ဂရမ်မီဆု ရွေးချယ်ရေးအဖွဲ့နှင့် မူပိုင်ခွင့်ကျွမ်းကျင်သူများက လူသားအဆိုတော်များ ကိုယ်တိုင်သီဆိုထားခြင်းမဟုတ်ဘဲ AI စနစ်က အလိုအလျောက် အသံတုပြုလုပ်ထားခြင်းဖြစ်၍ မူပိုင်ခွင့်ပေးရန် ငြင်းပယ်ခဲ့ပါသည်။ ဤဖြစ်ရပ်သည် စာသားနှင့် ပန်းချီတွင်သာမက အသံပိုင်းဆိုင်ရာ AI ရလဒ်ထွက်ကုန်များတွင်လည်း လူသား၏ အဓိကအားစိုက်ထုတ်မှုမပါဝင်ပါက မူပိုင်ခွင့်မရနိုင်ကြောင်း သက်သေပြနေပါသည်။

AI နည်းပညာသည် စာပေနှင့်အနုပညာ နယ်ပယ်တွင်သာမကဘဲ စက်မှုလက်မှုနှင့် တီထွင်ဖန်တီးမှုဆိုင်ရာ မူပိုင်ခွင့်ကဏ္ဍကြီးများအပေါ်တွင်လည်း စိန်ခေါ်မှုများ ပေါ်ပေါက်စေလျက်ရှိပါသည်။

"တီထွင်မှုမူပိုင်ခွင့်" နှင့် ပတ်သက်၍ "AI စနစ်ကို တီထွင်သူအဖြစ် အသိအမှတ်ပြုနိုင်ပါသလား" ဆိုသည့်အချက် ဖြစ်ပါသည်။ သာဓကတစ်ခုအနေဖြင့် ကွန်ပျူတာပညာရှင် Dr. Stephen Thaler သည် သူဖန်တီးထားသည့် DABUS အမည်ရှိ AI စနစ်က အလိုအလျောက် တီထွင်လိုက်သော အသွင်သစ်ထုတ်ကုန်ဒီဇိုင်းများကို AI ကိုယ်တိုင်အား တီထွင်သူအဖြစ် သတ်မှတ်ပေးရန် လျှောက်ထားခဲ့ပါသည်။ သို့သော် ၂၀၂၆ ခုနှစ် ဇူလိုင်လတွင် ဂျပန်နိုင်ငံတရားရုံးချုပ်အပါအဝင် ကမ္ဘာ့တရားရုံးများက "ဥပဒေအရ တီထွင်သူဟူသည် သဘာဝလူပုဂ္ဂိုလ်သာဖြစ်ရမည်" ဟုဆိုကာ အပြီးသတ် ပယ်ချခဲ့ကြပါသည်။

စာမျက်နှာ ၁၁ သို့ ✪

# မြို့/ရွာသန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေး ပြုလုပ်



**ပဲခူး ဇူလိုင် ၁၁**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ မြို့/ရွာသန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပဲခူးပြည်သူ့ဆေးရုံကြီး (ခုတင် ၅၀၀) ခြောက်ထပ် ဆေးကုသဆောင်သစ်အတွင်း/အပြင်၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် တိုင်းဒေသကြီးအတွင်း မြို့နယ်(၂၈) မြို့နယ်ရှိ အများနှင့် သက်ဆိုင်သည့် ကားလမ်း (ဝဲ/ယာ)၊ မီးရထားလမ်း (ဝဲ/ယာ)၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်အတွင်း လမ်းဘေး (ဝဲ/ယာ)၊ ပန်းခြံများနှင့် သောက်သုံးရေကန်များတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အုတ်တွင်းမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးပွဲ ပြုလုပ်

**အုတ်တွင်း ဇူလိုင် ၁၁**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ဥယျာဉ်တော်ကျေးရွာအုပ်စုရှိ တောင်သူ ဦးတရုတ်ကြီး၏လယ်မြေ(၁၀)ကေတွင် ပြုလုပ်သည်။

အဆိုပါ မိုးစပါးစိုက်ပျိုးပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး/မွေးမြူရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။ **ခင်ခင်မာ(ပြန်/ဆက်)**



# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်အတွင်းရှိ လုပ်ငန်းရှင် အခွန်ထမ်း ပြည်သူများအား အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာ ပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၉ ရက်က လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ ပြုလုပ်သည်။



ဦးစွာ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်အခွန်ဦးစီးမှူး ဦးအောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးအရာရှိ ဦးအောင်ကျော်မြင့်က အခွန်ပြေစာ အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာများကို Power Point ဖြင့် ရှင်းလင်းတင်ပြကာ အခွန်ဆိုင်ရာနှင့်ပတ်သက်၍ သိရှိလိုသည်များကို လုပ်ငန်းရှင်အခွန်ထမ်းပြည်သူများက မေးမြန်းရာ အခွန်ဦးစီးမှူး ဦးအောင်ဝင်းက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

# မြောင်းမြမြို့တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်



**မြောင်းမြ ဇူလိုင် ၁၁**

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြမြို့တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)များ ပေးအပ်ပွဲကို ဇူလိုင် ၁၁ ရက်က မြရွှေဝါခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ဦးစွာ မြောင်းမြခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားပြီး မြောင်းမြခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးရခြင်းနှင့် ပတ်သက်၍ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကိုကိုတို့က တောင်သူ ၂၃ ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုးမိုး(ပြန်/ဆက်)**

❂ စာမျက်နှာ ၁၀ မှ

ထုတ်ကုန်များ၏ အသွင်အပြင်ကို အကာအကွယ်ပေးသည့် "စက်မှုဒီဇိုင်းမူပိုင်ခွင့်" နယ်ပယ်တွင်လည်း ဒီဇိုင်နာများသည် AI ကို အသုံးပြု၍ ဒီဇိုင်းများကို စက္ကန့်ပိုင်းအတွင်း ထုတ်လုပ်လာကြပါသည်။ ဤနေရာတွင် နိုင်ငံတကာ၏ စံနှုန်းမှာ AI ထံမှ တိုက်ရိုက် ထွက်လာပြီး လူသားကပြုပြင်မွမ်းမံထားခြင်းမရှိသည့် ဒီဇိုင်းများကို မူပိုင်ခွင့်မပေးဘဲ၊ ထွက်ပေါ်လာသည့်ဒီဇိုင်းအပေါ် လူသားက မိမိ၏ စိတ်ကူးစိတ်သန်းဖြင့် မည်မျှထိန်းချုပ်ပုံဖော် ပြောင်းလဲခဲ့သလဲဆိုသည့်အပေါ်တွင် မူတည်၍ စိစစ်ခွင့်ပြုကြောင်း တွေ့ရှိရပါသည်။

စီးပွားရေးလုပ်ငန်းများ၏ အမှတ်တံဆိပ်နှင့် အမည်များကို ကာကွယ်ပေးသည့် "ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်" ကဏ္ဍတွင်မူ AI ကြောင့် အတုအပပြဿနာများနှင့် မှတ်ပုံတင်ရခက်ခဲသည့် စိန်ခေါ်မှုများ ပေါ်ပေါက်လျက်ရှိပါသည်။ AI စနစ်များသည် အင်တာနက်ပေါ်ရှိ နာမည်ကြီး အမှတ်တံဆိပ်များကိုအတုယူကာ ၎င်းနှင့် အလွန်ဆင်တူယိုးမှားဖြစ်သော လိုဂိုများကို ဖန်တီးပေးနိုင်သည့်အတွက် အမှတ်တံဆိပ်ချိုးဖောက်မှုများ ပိုမိုများပြားလာစေခြင်းဖြစ်သည်။ WIPO သည် AI ကြောင့်ဖြစ်လာမည့် အမှတ်တံဆိပ်တုပမှုများကို စိစစ်နိုင်ရန်အတွက် မိမိတို့၏ ဒေတာဘေ့စ်တွင် "ပုံရိပ်ဆင်တူမှု ရှာဖွေသည့် AI စနစ်"အား ၂၀၁၉ ခုနှစ် ဧပြီလမှစတင်ကာ အသုံးပြု၍ ကာကွယ်စိစစ်ပေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

ဉာဏ်ရည်တုနည်းပညာ၏ အရှိန်အဟုန်ပြင်းစွာ တိုးတက်လာမှုနှင့်အတူ ကမ္ဘာတစ်ဝန်းရှိ ဖန်တီးရှင်များနှင့် မူဝါဒချမှတ်သူများအနေဖြင့် နည်းပညာဆန်းသစ်မှုကို အားပေးရင်း တစ်ဖက်တွင် မူပိုင်ခွင့်များကို အကာအကွယ်ပေးရန်လည်း လိုအပ်လာပါသည်။

တီထွင်ဖန်တီးသူများအနေဖြင့် မိမိတို့၏လက်ရာများတွင် AI ကိုအသုံးပြုပါက မိမိတို့ကိုယ်တိုင် မည်မျှစွမ်းဆောင် ပြုပြင်ဖန်တီးခဲ့သည်ဟူသော "လူသား၏ တီထွင်ဆန်းသစ်မှုကဏ္ဍ" ကို ပိုမိုထင်ရှားအောင် စနစ်တကျမှတ်တမ်းတင်ထားသင့်ပါသည်။ ထို့အပြင် နည်းပညာအသုံးပြု၍လည်း ကာကွယ်မှုများကို ပြုလုပ်နိုင်ပါသည်။ ဖန်တီးရှင်များ၏ လက်ရာများကို AI ကုမ္ပဏီများက ခွင့်ပြုချက်မရှိဘဲ AI လေ့ကျင့်ခန်းအဖြစ် အသုံးပြုခြင်းမှ ကာကွယ်ရန်အတွက် ကမ္ဘာ့နည်းပညာရေစီးကြောင်းအတိုင်း Digital Watermark များ သုံးစွဲခြင်းနှင့် မိမိတို့၏ဝဘ်ဆိုက်များတွင် AI Bot များ ဝင်ရောက်ခြင်းကို တားဆီးသည့် နည်းပညာများအသုံးပြုခြင်းတို့ကို လုပ်ဆောင်နိုင်ပါသည်။

ဥပမာအားဖြင့် နိုင်ငံတကာရှိ ပန်းချီဆရာများနှင့် ဓာတ်ပုံဆရာများသည် မိမိတို့၏ လက်ရာများကို အင်တာနက်ပေါ်သို့ လွှင့်တင်ခြင်းမပြုမီ Digimarc ကဲ့သို့သောစနစ်များကို အသုံးပြု၍ မမြင်နိုင်သောရေစာ (Invisible Watermark) ကို ထည့်သွင်းလေ့ရှိပါသည်။ ဤနည်းပညာသည် ပုံ၏ပစ်ဇယ် (Pixel) အစက်အပြောက်များထဲတွင် ဖန်တီးသူလက်ရာရှင်၏ အမည်နှင့် မူပိုင်ခွင့်အချက်အလက်များကို ကုဒ်အဖြစ် ဖုံးကွယ်ထည့်ပေးလိုက်ခြင်းဖြစ်သည့်အတွက် AI စနစ်များက အချက်အလက်ခိုးယူခြင်းမှ ကာကွယ်ပြီးသားဖြစ်သွားပါသည်။

နိဂုံးချုပ်အနေဖြင့် ဉာဏ်ရည်တုနည်းပညာသည် လူသားတို့၏ ဖန်တီးမှုစွမ်းရည်ကို တားဆီးပိတ်ပင်မည့် အရာမဟုတ်ဘဲ တိုးတက်မှုကို အရှိန်မြှင့်တင်ပေးမည့် ရေစီးကြောင်းတစ်ခုအဖြစ် ရှုမြင်နိုင်ပါသည်။ အရေးကြီးသည်မှာ နည်းပညာဆန်းသစ်မှုကို အားပေးရင်း တစ်ဖက်ကလည်း မူလလူသားဖန်တီးရှင်များ၏ အခွင့်အရေးကို မဆုံးရှုံးစေမည့် မျှတသောမူဝါဒများကို တည်ဆောက်ရန်ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံများအနေဖြင့်လည်း ဖြစ်ပေါ်တိုးတက်နေသည့် နည်းပညာများကို မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်ကာ ကမ္ဘာ့ဉာဏမူပိုင်ခွင့်အဖွဲ့ (WIPO) ၏ နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြည်တွင်းမူပိုင်ခွင့်စနစ်များကို စံချိန်ကိုက်ပြင်ဆင်သွားခြင်းဖြင့် အနာဂတ်ဒီဂျစ်တယ် စီးပွားရေးခေတ်တွင် ခိုင်မာစွာရပ်တည်နိုင်မည်ဖြစ်ပါတော့သည်။ ။

**ကိုးကား –**


1. The Myanmar Law Information System, www.mlis.gov.mm, Ministry of Legal Affairs, Myanmar.
2. Conversation on Intellectual Property and Frontier Technologies, Official Policy Documents and Analytical Framework, World Intellectual Property Organization (WIPO), 2019–2024.
3. Copyright Registration Guidance: Works Containing Material Generated by Artificial Intelligence, Federal Register, U.S. Copyright Office, Vol. 88, No. 51, March 16, 2023.
4. Zarya of the Dawn: How AI is Changing the Landscape of Copyright Protection, Analla, Tony, Edited by Anirudh Jonnavithula, March 06, 2023.
5. NYT v. OpenAI: The Times's About–Face, Pope, Audrey, Harvard Law Review, April 10, 2024.
6. Andersen v. Stability AI: The Landmark Case Unpacking the Copyright Risks of AI Image Generators, Schor, Zach (JD '26), NYU Journal of Intellectual Property & Entertainment Law, Dec 2, 2024.
7. Supreme Court Denies Certiorari in Thaler v. Perlmutter: AI Cannot Be an Author Under the Copyright Act, Baker Donelson, Legal Case Review, March 5, 2026.
8. Japan's Supreme Court Rules AI Cannot Be Named as a Patent Inventor, C. da Costa, International IP Watch, July 2, 2026.
9. Official Rules and Guidelines for Grammy Awards AI Eligibility, The Recording Academy, June 2023.

## ပေါင်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆွေးနွေး

ပေါင် ဇူလိုင် ၁၁

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကော့ကရင်ကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ပြုလုပ်သည်။

ဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးချမ်းမုံနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်တို့က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက ပြည်သူ့စကားဝိုင်းပြုလုပ်ရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**



## ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးရေး အသိပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၁၁

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ယာဉ်အန္တရာယ် ကင်းဝေးစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၉ ရက်တွင် အမှတ်(၈) အခြေခံပညာအထက်အတန်းကျောင်းခန်းမ၌ ပြုလုပ်သည်။

ဦးစွာ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားပြီး အမှတ်(၆၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စု (လှိုင်သာယာ-အနောက်) တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးဉာဏ်မင်းကိုကိုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဗဟုသုတများကို အသိပညာပေး ဟောပြောသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးရွှေမန်းနှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ကျော်သက်ထားဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် MSME လုပ်ငန်းရှင်များအတွက် လုပ်ငန်းလမ်းညွှန်ချက်သင်တန်းဖွင့်ပွဲ တက်ရောက်

ပုသိမ် ဇူလိုင် ၁၁

ဧရာဝတီတိုင်းဒေသကြီး MSME အေဂျင်စီက ကြီးမှူးကျင်းပသည့် " MSME လုပ်ငန်းရှင်များအတွက် လုပ်ငန်းလမ်းညွှန်ချက် (SME Toolkit)" သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။



ဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး MSME အေဂျင်စီနာယကတိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး MSME အေဂျင်စီဥက္ကဋ္ဌ စည်ပင်သာယာရေးဝန်ကြီးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် TAL Trading ကုမ္ပဏီလီမိတက်က ဖျာပုံမြို့ ငါးဖမ်း၊ ငါးသယ်ရေယာဉ်များအား ခွင့်ပြုချက် PO ဖြင့် စက်သုံးဆီခွဲဝေဖြန့်ဖြူးပေးမှုအခြေအနေ ရှင်းလင်းတင်ပြခြင်း အစည်းအဝေးသို့ တက်ရောက်သည်။

ယင်းနောက် ပုသိမ်ပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးဝန်ကြီးဌာန သွားနှင့် ခံတွင်း ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများက မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသမှုနှင့် သက်ကြီးဘိုးဘွားများအား အံကပ်တပ်ဆင်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## လွိုင်လင်မြို့၌ လက်ဆွဲကောက်စိုက်စက်အသုံးပြု၍ မိုးစပါးလက်တွေ့စိုက်ပျိုးပြသခြင်း ကွင်းသရုပ်ပြ

လွိုင်လင် ဇူလိုင် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် လက်ဆွဲကောက်စိုက်စက်အသုံးပြု၍ မိုးစပါးလက်တွေ့စိုက်ပျိုးပြသခြင်း ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၁၁ ရက်က လွိုင်လင်အရှေ့ကျေးရွာအုပ်စု တောင်သူ ဦးအိုက်နောင့်၏ လယ်မြေငါးကေ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ဦးစီးမှူး ဦးမျိုးမင်းသန်းက လက်ဆွဲကောက်စိုက်စက်ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာနိုင်ရေး အသိပညာပေး ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းသူနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဦးဆောင်ကာ လက်ဆွဲကောက်စိုက်စက်ဖြင့် ကွင်းသရုပ်ပြခြင်းများ ဆောင်ရွက်သည်။ အဆိုပါကွင်းသရုပ်ပြပွဲသို့ ခရိုင်ဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တောင်သူလယ်သမားကိုယ်စားလှယ်များနှင့် ဒေသခံတောင်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အယ်မင်း(လွိုင်လင်)**



## ရေတာရှည်မြို့နယ်၌ လျှော့ခွဲချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်

ရေတာရှည် ဇူလိုင် ၁၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ကျန်သနွယ်ကျေးရွာအုပ်စု လျှော့ခွဲချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက လျှော့ခွဲချောင်း၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်ဦးနှင့်ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး လျှော့ခွဲချောင်းအတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၁၅၀၀၀၀၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ ၆၀၀၀၀ စုစုပေါင်းကောင်ရေ ၂၁၀၀၀၀ အား ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## (၇၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်(အကြို) စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

(၇၉)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်(အကြို) စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့ကို ယမန်နေ့က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။



အဆိုပါပြိုင်ပွဲများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၈၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**TMK**

## ထန်းတပင်မြို့နယ်၌ စားအုန်းဆီရောင်းချနေမှုအား တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေး

ထန်းတပင် ဇူလိုင် ၁၁

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ စားအုန်းဆီဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့က ယနေ့နံနက်ပိုင်းတွင် စားအုန်းဆီရောင်းချနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ရဲမှူး အောင်မျိုးသူ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမျိုးအောင်နှင့် တာဝန်ရှိသူများက စားသုံးဆီဝယ်ယူခွင့် စာအုပ်ဖြင့် ရောင်းချရာတွင် သတ်မှတ်ဈေးနှုန်းမှန်ကန်မှု ရှိ / မရှိ၊ အလေးချိန် မှန်ကန်မှုရှိစေရေး၊ သတ်မှတ်ပမာဏ အတိုင်း ရောင်းချမှု ရှိ/ မရှိတို့ကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**မြစ်ကြီးနား ဇူလိုင် ၁၁**

ကချင်ပြည်နယ် ဆဋ္ဌမအကြိမ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက် လီဆူဇုန်နယ် နှစ်ခြင်းအသင်းတော်ဝင်းအတွင်း ကျင်းပသည်။

**စုပေါင်းစိုက်ပျိုး**

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်နယ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အရပ်ဘက် လူမှုကူညီရေးအသင်းအဖွဲ့များနှင့်အတူ လောက်ယား၊ ရေပိတောက်၊ တမလန်း၊ ယင်းမာ စသည့် ပျိုးပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## မြောက်ဥက္ကလာပမြို့နယ်၌ သံဃနာယကနှင့် ဝိနည်းဓိုရ်(ဆင့်ပွား)သင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မြို့နယ်သံဃနာယကအဖွဲ့မှ ကြီးမှူးကျင်းပသော သံဃနာယကနှင့် ဝိနည်းဓိုရ်(ဆင့်ပွား)သင်တန်းကို ယနေ့ မွန်းလွဲပိုင်းက ဆုတောင်းပြည့်မယ်လမုစေတီတော်ကြီး သုံးထပ်ဆောင်၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တအဂ္ဂသာမိ အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဆရာတော်က ဩဝါဒကထာမြွက်ကြားပြီး မြောက်ဥက္ကလာပမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဉာဏိန္ဒ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဆရာတော်က သင်တန်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှုများကို တင်ပြလျှောက်ထားသည်။ ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးဟိန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင် မဟာကမ္မဋ္ဌာနာစရိယ၊ ပရိယတ္တိ သဒ္ဓမ္မာနုဂ္ဂဟ ဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တဝိသာရဒ ဓမ္မာဝိဟာရကျောင်းတိုက် ဆရာတော်ကြီးက သံဃနာယကနှင့် ဝိနည်းဓိုရ်(ဆင့်ပွား) သင်တန်းကို သင်ကြားပို့ချပေးသည်။

အဆိုပါ သံဃနာယကနှင့် ဝိနည်းဓိုရ်(ဆင့်ပွား)သင်တန်းကို သံဃာတော် ၅၈ ပါး နှင့် လူပုဂ္ဂိုလ် ၁၂ ဦး တက်ရောက် သင်ယူလျက်ရှိပြီး သုံးရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေးနှင့် အခွန်ဆိုင်ရာ လေးစားလိုက်နာမှုတိုးတက်ရေး လူထုလှုပ်ရှားမှု အစီအစဉ်ကို ဇူလိုင် ၉ ရက်က ကမာရွတ်မြို့နယ် ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၌ ကျင်းပရာ အခွန်ရုံး(၄)မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဇော်မိုးအောင်က အခွန်အကြောင်းသိကောင်းစရာများ ရှင်းလင်းဆွေးနွေးစဉ်။

အာကာ

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့တွင် ခရိုင်/မြို့နယ် မီးသတ်ဦးစီးဌာန၏ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ ရက်က ခရိုင်မီးသတ်ဦးစီးဌာနရုံးဝင်း၌ ကျင်းပရာ ခရိုင်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက ကျွန်းပျိုးပင်ပေါင်း ၁၀၀ ကို သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးစဉ်။

ဘာမိသာ(ပခုက္ကူ)





## ကျိုင်းတုံမြို့နယ်၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**ကျိုင်းတုံ ဇူလိုင် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် နမ့်ခင်ချောင်း၊ နမ့်ဟတ်ချောင်းနှင့် နမ့်လပ်ချောင်းတို့ ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေကြီးရေလျှံမှုလျော့ပါးရေးအတွက် သဲနုန်းတူးဖော်ခြင်းနှင့် ချောင်းပေါင်ဆင့်ခြင်းလုပ်ငန်းများကို ဇူလိုင် ၁၁ ရက်က မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။

**ကွင်းဆင်းကြည့်ရှုစစ်ဆေး**

ထိုသို့ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ကောင်းမွန်ရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးနိုင်ရန် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဟွမ်နွဲ့၊ ဒေါ်နန်းနော်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ကွန်ဟိန်းမြို့နယ်၌ စိုက်ပျိုးရေးသွင်းအားစု ပစ္စည်းများပေးအပ်

**ကွန်ဟိန်း ဇူလိုင် ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်တွင် မိုးသီးနှံမျိုးစေ့ထုတ်နှင့် စမ်းသပ်ကွက်၊ စံပြကွက်များ စိုက်ပျိုးသည့် အကျိုးဆောင်တောင်သူများအား စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် ကွန်ဟိန်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးဝင်းလှိုင်တို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်နိုင်က စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများကို တောင်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး**





## ကျုံပျော်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းပြုလုပ်

**ကျုံပျော် ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကညင်ဆိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၁ ရက်က ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ကျုံပျော်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်သန်းသန်းစိုးက ပြည်သူ့စကားဝိုင်း ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမြင့်ကြိုင်နှင့် ဦးထွန်းထွန်းဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် ပြည်သူများက ဒေသတွင်းဖွံ့ဖြိုးရေးကိစ္စများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကိစ္စများကို ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

**✻ MNL မှ**

မြဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၃၄ မိနစ်တွင် ဘိုဟိန်းက သွင်းယူသည်။

သန်လျင်သီဟဒီပကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက ဧရာဝတီယူနိုက်တက်အသင်းကို လေးဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ သစ္စာအားမာန်အသင်းသည် ငါးပွဲမြောက်နိုင်ပွဲနှင့်အတူ ထိပ်ဆုံးမှ ရန်ကုန်နှင့် ရှမ်းယူနိုက်တက် သရေကျမှုကို အခွင့်ကောင်းယူကာ အမှတ်ရယူမှု လျှော့ချနိုင်ခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် ဂိုးများကို ၃၇ မိနစ်တွင် ရာဇာအောင်ဟိန်း၊ ၄၅၊ ၉၀+၃ မိနစ်တွင် ဝင်းခန့်ပိုင်ဖြိုး၊ ၇၁ မိနစ်တွင် ထက်ထက်အောင်တို့က သွင်းယူပြီး ဧရာဝတီအသင်းအတွက် ဂိုးများကို ၂၈ မိနစ်တွင် ခွန်ဇော်သိန်း၊ ၉၀+၁ မိနစ်တွင် ကောင်းမြတ်စံတို့က သွင်းယူခဲ့သည်။

ပွဲစဉ်(၈) တတိယနေ့ကို ဇူလိုင် ၁၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဗဟန်းမြက်ခင်းတုကွင်း၌ စစ်ကိုင်းယူနိုက်တက်အသင်းနှင့် Galaxy အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ချစ်ကိုကို**

**ဓာတ်ပုံ–MNL**

# ပျဉ်းမနားမြို့ ယုဇနလမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး၊ မင်္ဂလာကန်တော်ခန်းမနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး အသစ်တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၁



နေပြည်တော် ကောင်စီဝင် နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယ မြို့တော်ဝန် ဦးဝင်းမိုးခိုင်သည် ကော်မတီဝင် ဦးခွန်နေထွန်းဦး နှင့်အတူ ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စု နယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ယုဇန ဈေးအနီး ယုဇနလမ်းတစ်လျှောက် မိုးရာသီကာလအတွင်း ရေကြီး ရေလျှံမှု မဖြစ်ပေါ်စေရေးနှင့် လမ်းပေါ် ရေဝပ်မှုမရှိစေရေးတို့ အတွက် ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှု၍ လမ်းနယ်နိမိတ်အတွင်း ကျူးကျော် ဆောက်လုပ်ထားသည့် အမိုး၊ အဖီ၊ အဆွယ်များအား အိမ်ရှင်များ က ရှင်းလင်းဖယ်ရှား ဆောင်ရွက် နေမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ မန္တလေးလျှောင် ကြီးကြောင့် ပြိုကျပျက်စီးခဲ့သည့် ပျဉ်းမနားမြို့ ဗိုလ်တောက်ထိန် လမ်းနှင့် စည်ပင်သာယာအုပ်ချုပ် ရေးမှူးရုံး လမ်းထောင့်ရှိ မင်္ဂလာ ကန်တော်ခန်းမ အသစ် တည်ဆောက်နေမှုနှင့် ပျဉ်းမနား မြို့နယ်စည်ပင်သာယာအုပ်ချုပ် ရေးမှူးရုံး အဆောက်အအုံအသစ် ဆောက်လုပ်နေမှု လုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# မြန်မာကျောင်းသားလူငယ်အဖွဲ့ ဂျပန်နိုင်ငံ ဖူကူအိုကာမြို့တွင်ကျင်းပမည့် နွေရာသီ အပြည်ပြည်ဆိုင်ရာ ကျောင်းသားလူငယ်များ စခန်းချ တွေ့ဆုံပွဲ(၂၀၂၆)သို့ တက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၁

ဂျပန်နိုင်ငံ ဖူကူအိုကာမြို့အခြေစိုက် အာရှ – ပစိဖိတ်ဒေသ ကလေးများဆိုင်ရာကွန်ဗင်းရှင်း(Asian – Pacific Children’s Convention– APCC)က ဦးစီး၍ ဖူကူအိုကာမြို့တွင် ဇူလိုင် ၁၂ ရက်မှ ၂၀ ရက်အထိကျင်းပမည့် (၃၈)နှစ်မြောက် နွေရာသီအပြည်ပြည်ဆိုင်ရာ ကျောင်းသားလူငယ်များစခန်းချတွေ့ဆုံပွဲ(BRIDGE Summer Camp – 2026) Junior Ambassadors– JAs အဖြစ် ပါဝင်တက်ရောက်ရန် မြန်မာ–ဂျပန်ချစ်ကြည်ရေးအသင်း(MJA)မှ ဦးစီးရွေးချယ်လေ့ကျင့်ပေးထားသည့် အခြေခံပညာ ကျောင်းသား ကျောင်းသူ လူငယ် ခြောက်ဦးနှင့် ယခုနှစ်အတွက် Peace Ambassador – PA အဖြစ် တက်ရောက်ခွင့်ရရှိထားသည့် အမျိုးသမီးလူငယ် တစ်ဦးသည် MJA မှ ဗဟိုအလုပ်အမှုဆောင် ဦးသန်းထွဋ် အုပ်ချုပ်သူအဖြစ်ဦးစီးလိုက်ပါ၍ ရန်ကုန်မြို့မှ ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

အဆိုပါအဖွဲ့သည် ဇူလိုင် ၁၂ မှ ၁၄ ရက်အထိ Fukuoka Marine Camp တွင် အာရှ–ပစိဖိတ်ဒေသ ၄၂ နိုင်ငံမှ တက်ရောက်လာသူများနှင့် အတူ စခန်းချနေထိုင်ခြင်း၊ ယဉ်ကျေးမှုဖလှယ်ခြင်း၊ အားကစား လေ့ကျင့်ခြင်းများဆောင်ရွက်ကြမည်ဖြစ်ပြီး ဇူလိုင် ၁၅ ရက်တွင် သတ်မှတ်ပေးမည့် ဂျပန်အလယ်တန်းကျောင်း တစ်ကျောင်းသို့ တစ်နေ့တာသွားရောက်လေ့လာ၍ ယဉ်ကျေးမှုဖလှယ်ခြင်းဆောင်ရွက်ကာ ဇူလိုင် ၁၅ ရက်ညနေပိုင်းမှ ၁၉ ရက်ညအထိ သတ်မှတ်နေရာချထားသည့် ဂျပန်ကျောင်းသား ကျောင်းသူများ၏ နေအိမ်များသို့ တစ်ဦးချင်း Home stay နေထိုင်ခြင်းနှင့် အိမ်ရှင် host student နှင့်အတူ နေ့စဉ်ကျောင်းသို့လိုက်ပါတက်ရောက်ခြင်းများ ဆောင်ရွက်ကြမည်။

ယင်းနောက် စခန်းချကာလအတွင်း ပါဝင်တက်ရောက်ခဲ့သည့် နိုင်ငံစုံမှ ကျောင်းသား ကျောင်းသူများနှင့် ဂျပန် host families များ၏ ယဉ်ကျေးမှုပွဲတော်အစီအစဉ်ဖြစ်သော “We are the BRIDGE Festival – 2026”အား ဇူလိုင် ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ရာ ယင်းလူငယ်အဖွဲ့သည် မိမိတို့၏ ဂျပန် host families များနှင့်အတူ ပါဝင်တက်ရောက်ဆင်နွှဲမည်ဖြစ်ပြီး တစ်နိုင်ငံချင်းအလိုက် အလှည့်ကျ ဖျော်ဖြေကပြမှုတွင် “သင်္ကြန်မိုး” သီချင်းဖြင့် ကပြဖျော်ဖြေကြမည် ဖြစ်သည်။

ထို့နောက် ဂျပန်နိုင်ငံမှ ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် ပြန်လည် ထွက်ခွာလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကျုံပျော်မြို့၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

ကျုံပျော် ဇူလိုင် ၁၁

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းကာ ကျုံပျော်မြို့ အောင်ဆန်းရပ်ကွက် အခြေခံပညာမူလတန်း ကျောင်း(အောင်ဆန်း)၌ ယနေ့နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျုံပျော်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ချိုနိုင်ဝင်း၏ ကြီးကြပ်မှုဖြင့် မြို့မစခန်းမှူး ဒုရဲမှူးဝင်းထွန်းနိုင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ကျောင်းဝင်း အတွင်း/အပြင်ရှိ မြက်ပင်၊ ပေါင်းပင် များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များ သိမ်းဆည်းခြင်း တို့ကိုပြုလုပ်၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# မိုးညိုမြို့နယ်၌ စားအုန်းဆီအရောင်းဆိုင်များစစ်ဆေး

မိုးညို ဇူလိုင် ၁၁

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်၌ Wilmar Myanmar ကုမ္ပဏီ၏ ဖြန့်ဝေမှုဖြင့် ရောင်းချလျက်ရှိသော စားအုန်းဆီလက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိသည့် အရောင်းဆိုင်များကို တာဝန်ရှိသူများက ဇူလိုင် ၁၁ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဖုန်းလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စားအုန်းဆီဖြန့်ဖြူးရောင်းချမှု ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ စားအုန်းဆီဖြန့်ဖြူးရောင်းချသူများ အနေဖြင့် သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ဗီနိုင်းများချိတ်ဆွဲဖြန့်ဖြူး ရောင်းချမှု ရှိ/မရှိ၊ အလေးချိန်မှန်ကန်မှု ရှိ/မရှိ၊ ဆီစာအုပ်များဖြင့် စနစ်တကျရောင်းချပေးရေးနှင့် ရရှိသောဆီပိသာချိန်ခွဲတမ်းများကို ပြည်သူများထံ အမှန်တကယ်ရောင်းချမှု ရှိ/မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**





# သာယာဝတီမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်အသုံးပြု၍ စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

သာယာဝတီ ဇူလိုင် ၁၁



ပဲခူးတိုင်းဒေသကြီး သာယာဝတီ မြို့နယ်၌ လက်ဆွဲကောက်စိုက် စက်အသုံးပြု၍ မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ပိုင်းက ချောင်းသုံးခွကျေးရွာအုပ်စု တောင်သူ ဦးတင်မောင်ဌေး၏ လယ်မြေ၌ ကျင်းပသည်။

ဦးစွာ သာယာဝတီမြို့နယ် စက်မှုလယ်ယာဦးစီးဌာနဦးစီးမှူး ဦးထက်မျိုးဇလက တန်ဖိုးနည်း လက်ဆွဲကောက်စိုက်စက် အသုံး ပြုသည့် နည်းလမ်းများနှင့် ကောက်စိုက်စက်ကို ကျယ်ကျယ် ပြန့်ပြန့် အသုံးပြုလာနိုင်ရေးအသိ ပညာပေး ရှင်းလင်းဆွေးနွေးပြီး စက်မှုလယ်ယာ ဦးစီးဌာန ဝန်ထမ်းများက ဦးဆောင်ကာ လက်ဆွဲ ကောက်စိုက်စက်ဖြင့် ကွင်းသရုပ်ပြခြင်းများ ဆောင်ရွက် သည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းဟို၊ ခရိုင်စက်မှုလယ်ယာ ဦးစီးမှူး ဦးဇော်မြင့်၊ မြို့နယ်စိုက်ပျိုး ကြီးကြပ်ရေး ကော်မတီဝင်များ၊ ဒေသခံတောင်သူများ တက်ရောက် ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကြို့ပင်ကောက်မြို့၌ ဗီယက်နန် စပါးမျိုးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

ကြို့ပင်ကောက် ဇူလိုင် ၁၁

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့၌ ဗီယက်နန်စပါးမျိုးအား အင်ဂျင်စွမ်းအားသုံး လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက သခွပ်ကုန်းကျေးရွာ တောင်သူ ဦးကျော်ရဲအောင်၏ လယ်မြေ၌ ကျင်းပသည်။

ဗီယက်နန်စပါးမျိုးအား အင်ဂျင်စွမ်းအားသုံး လက်ဆွဲကောက်စိုက် စက်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# Professional Boxing Matches 10 ပြိုင်ပွဲများ ကျင်းပ



မင်းမြတ်သူနှင့် ဝေယံဦးတို့ယှဉ်ပြိုင်စဉ်။

ရန်ကုန် ဇူလိုင် ၁၁

Myanmar Boxing Commission က ကျင်းပသည့် Professional Boxing Matches 10( PBM 10) ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူအားကစားခန်းမ၌ ခြောက်ချီတွဲဆိုင်းရှစ်ဆိုင်းဖြင့် ကျင်းပသည်။

၅၂ ဒသမ ၁ ကီလို (စူပါဖလိုင်းဝိတ်တန်း) ပြိုင်ပွဲများ၌ နေဘ်ဖုန်း (Myitkyina Club)က ကောင်းဝဏ္ဏအောင်(Boxing Family Club)ကို ဒုတိယအချီ ၁ မိနစ် ၃၁ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ ဇံဇံမင်းထက် (Danuphyu Club) က ရှင်းသန့်နိုင် (Boxing Family Club) ကို ငါးချီ ၁ မိနစ် ၂၈ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ၅၃ ဒသမ ၅ ကီလို (ဘန်တမ်ဝိတ်တန်း)ပြိုင်ပွဲများဖြစ်သည့် ရဲမိုးအောင် (MBC Boxing Club)နှင့် ဇော်ဒူလ (Python Tawwin Ayeyar Club) တို့ ပွဲစဉ်တွင် အချီပြည့်ထိုးသတ်ကြသော်လည်း အနိုင်အရှုံးမပြတ်သား၍ အမှတ်ဖြင့် ရဲမိုးအောင်က အနိုင်ရရှိပြီး မင်းဟိန်းခန့် (Taunggyi Club)၏ လက်သီးတွဲလုံးများကြောင့် ဟိန်းထက်သာ (Taungoo Club) ဒုတိယအချီ ၁ မိနစ် ၃၈ စက္ကန့်တွင် အထိနာခဲ့သဖြင့် မင်းဟိန်းခန့်က အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့ပြင် ၅၅ ဒသမ ၃ ကီလို (စူပါဘန်တမ်ဝိတ်တန်း) ပြိုင်ပွဲများ၌ ဇော်ဇော်နိုင် (Boxing Family Club) နှင့် ရှိုင်းမင်းထွန်း (Python Tawwin Ayeyar Club) တို့ ခြောက်ချီပြည့်သည်အထိ သူတင်ကိုယ်တင် ထိုးသတ်ကြသော်လည်း အနိုင်အရှုံးမပြတ်သား၍ အမှတ်ဖြင့် ဇော်ဇော်နိုင်က အနိုင်ရရှိခဲ့ပြီး မောင်မောင်ဦး (Thanlyin Club)နှင့် မင်းခိုင်မြဲ (Magway Club)တို့ ပွဲစဉ်တွင် သူတစ်ပြန် ကိုယ်တစ်ပြန် ထိုးသတ်ကြရာ ငါးချီ ၁ မိနစ် ၅၈ စက္ကန့်တွင် မောင်မောင်ဦး အထိနာပြီး ဆက်လက်မယှဉ်ပြိုင်နိုင်ဘဲ မင်းခိုင်မြဲကို အရှုံးပေးလိုက်ရသည်။

ဆက်လက်၍ ၅၇ ဒသမ ၁ ကီလို (ဖယ်သာဝိတ်တန်း) ပြိုင်ပွဲများဖြစ်သည့် သီဟအောင်(MBC Boxing Club)နှင့် မျိုးဂျတ်ခေါင် (Top One Club)တို့ ပွဲစဉ်တွင် လေးချီမြောက်၌ နှစ်ဦးစလုံး ဒဏ်ရာအနာတရ ရရှိကြသဖြင့် အမှတ်ဖြင့် ဆုံးဖြတ်ရာ သီဟအောင်က အနိုင်ရရှိခဲ့ပြီး မင်းမြတ်သူ (1990 Club) နှင့် ဝေယံဦး (North Dagon Club) တို့ပွဲစဉ်တွင် အချီပြည့် အကြိတ်အနယ်ယှဉ်ပြိုင်ကြပြီး အမှတ်ဖြင့် ဆုံးဖြတ်ရာ ဝေယံဦးက အနိုင်ရရှိခဲ့သည်။

**ကိုထက်**

❂ **ဘယ်လ်ဂျီယံအသင်းမှ**

ယှဉ်ပြိုင်ကစားခဲ့တဲ့ (၁၆) သင်းအဆင့်ပွဲစဉ်မှာလည်း မာရီနိုရဲ့သွင်းဂိုးဖြင့်သာ အနိုင်ရရှိကာ နောက်တစ်ဆင့်တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

စပိန်အသင်းဟာ ၂၀၁၀ ပြည့်နှစ်က ကမ္ဘာ့ဖလားချန်ပီယံဖြစ်ခဲ့ပြီးနောက် ၂၀၁၄ ခုနှစ်မှာ ကမ္ဘာ့ဖလားအုပ်စုအဆင့်ကနေ ထွက်ခဲ့ရသလို ၂၀၁၈ ခုနှစ်နဲ့ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာလည်း (၁၆) သင်း အဆင့်နဲ့ ကျေနပ်ခဲ့ရတာလည်း ဖြစ်ပါတယ်။

စပိန်အသင်းဟာ ဘယ်လ်ဂျီယံအသင်းကို အနိုင်ရရှိခဲ့ပြီး ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခဲ့ပြီဖြစ်တာကြောင့် ဆီမီးဖိုင်နယ်အဆင့်မှာ ပြင်သစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။

**ငွေကြယ်** ■

★ **အာဆီယံမှ**

စခန်းဝင်လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာဆီယံဖလားပြိုင်ပွဲအတွက် နောက်ဆုံးပြင်ဆင်မှုအဖြစ် ဇူလိုင် ၁၈ ရက်တွင် ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် ဗီယက်နမ်နိုင်ငံ၌ ခြေစမ်းပွဲကစားမည်ဖြစ်ပြီး နည်းပြသစ် အန်ဒါဆန်အတွက် ပထမဆုံးနိုင်ငံတကာပွဲဖြစ်လာမည်ဖြစ်သည်။

၂၀၂၆ အာဆီယံဖလားပြိုင်ပွဲကို ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (B) တွင် ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ လာအိုအသင်းတို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၂၅ ရက်တွင် မလေးရှားအသင်းနှင့် အိမ်ကွင်း၊ ဇူလိုင် ၂၈ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် အဝေးကွင်း၊ ဩဂုတ် ၄ ရက်တွင် လာအိုအသင်းနှင့် အိမ်ကွင်း၊ ဩဂုတ် ၈ ရက်တွင် ထိုင်းအသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MFF**

# ပြည်ခရိုင်အတွင်း စက်မှုလုပ်ငန်းသုံး စားအုန်းဆီ ခွဲတမ်းရရှိသည့် လုပ်ငန်းများအား မြေပြင်ကွင်းဆင်းစစ်ဆေး



ပြည် ဇူလိုင် ၁၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ စက်မှုလုပ်ငန်းသုံးစားအုန်းဆီ လစဉ် ခွဲတမ်းရရှိသည့်ဆီများကို အမှန်တကယ်အသုံးပြုခြင်း ရှိ/မရှိ သိရှိနိုင်ရန်အတွက် ယနေ့နံနက်ပိုင်းက မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်သည်။

ပြည်ခရိုင်အနေဖြင့် စက်မှုလုပ်ငန်းသုံးစားအုန်းဆီ လစဉ် ပီပါ ၃၀၀ ခွဲတမ်းရရှိရာ အဆိုပါဆီများကို လုပ်ငန်းရှင် ၅၃ ဦးထံသို့ စနစ်တကျခွဲဝေပေးရာတွင် စားသောက်ကုန်လုပ်ငန်းရှင် ၂၉ ဦး၊ စားသောက်ဆိုင်ကြီးလုပ်ငန်းရှင် ၁၆ ဦးနှင့် စားသောက်ဆိုင်သေးလုပ်ငန်းရှင် ရှစ်ဦးတို့ဖြစ်ပြီး ခွဲဝေပေးထားသည့် စက်မှုလုပ်ငန်းသုံးစားအုန်းဆီများကို လုပ်ငန်းရှင်များက မိမိတို့၏ လုပ်ငန်းခွင်အတွင်း အမှန်တကယ် အသုံးပြုခြင်း ရှိ/မရှိကို ခရိုင်ကြီးကြပ်ရေးအဖွဲ့က မြေပြင်ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းတွင် အမှန်တကယ်အသုံးပြုလျက်ရှိကြောင်း သိရသည်။

**အေးမိုး(ပြန်/ဆက်)**



# ခရမ်းမြို့နယ်၌ ခွေးရူးပြန်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြော

ခရမ်း ဇူလိုင် ၁၁

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ခွေးရူးပြန်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ခရမ်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာစုစုလှဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် ဦးစီးမှူး ဦးစည်သူအောင်၊ ခရမ်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့မကျန်းမာရေးမှူး ဒေါ်ဥမ္မာဦးတို့က ခွေးရူးမှတစ်ဆင့် လူသို့ ခွေးရူးရောဂါကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်နိုင်ရန်နှင့် ကျောင်းသားလူငယ်များ ခွေးရူးရောဂါနှင့်ပတ်သက်သည့် အသိပညာဗဟုသုတများရရှိစေရန်အတွက် အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

**ခင်နှင်းဝေ(ပြန်/ဆက်)**

# ကျောက်မဲမြို့နယ်၌ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကျောက်မဲ ဇူလိုင် ၁၁

ရှမ်းပြည်နယ်( မြောက်ပိုင်း) ကျောက်မဲမြို့နယ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ (World Rural Development) အထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ခိုမုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။



အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်နန်းဖြူဖြူအောင်က ပျိုးပင်များပေးအပ်ကာ မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့် ခရိုင်/မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ခိုမုန်းကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ ကျေးရွာသားများက ကျွန်း၊ ပျဉ်းကတိုး၊ စိန်ပန်းနီပင် စုစုပေါင်း အပင် ၁၀၀ အား စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျွန်းလှမြို့နယ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ဖွင့်လှစ်

ကျွန်းလှ ဇူလိုင် ၁၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ရည်ရွယ်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျွန်းလှမြို့နယ်အတွင်းရှိ အမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာဆီ၊ ဆပ်ပြာခဲနှင့် ခေါင်းလျှော်ရည် ပြုလုပ်နည်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၁ ရက်က ရှမ်းစုကျေးရွာအုပ်စု တပ်ကုန်းကျေးရွာတွင် ကျင်းပခဲ့ကြောင်း သိရသည်။



**ဖြိုးကျော်(ပုံတောင်မြေ)**

❖ **ဇူလိုင်လမှ**

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့် ပတ်သက်သည့်အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည် ဖြစ်ပါသည်။

**မိုး/ဇလ**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ (တံတားတည်ဆောက်ရေး/နေပြည်တော်) ကန့်သတ်မှုမရှိသောတင်ဒါ(အိတ်ဖွင့်တင်ဒါ)ခေါ်ယူခြင်း (၃/၂၀၂၆-၂၀၂၇)

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ (တံတားတည်ဆောက်ရေး/နေပြည်တော်)မှ ဥတ္တရခရိုင်နှင့် လယ်ဝေးခရိုင်တို့၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တံတားလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် ပစ္စည်းတင်ဒါကို ကန့်သတ်မှုမရှိသောတင်ဒါ (အိတ်ဖွင့်တင်ဒါ) စနစ် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူဆောင်ရွက်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ နိုင်ငံသားလုပ်ငန်းရှင်များအား လာရောက်ယှဉ်ပြိုင်တင်သွင်းနိုင်ပါကြောင်း အသိပေး ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၁၃ - ၇ - ၂၀၂၆)
(ခ) တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန် - ၂၇ - ၇ - ၂၀၂၆)/ မွန်းလွဲ(၁:၀၀)နာရီထိ
(ဂ) တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ ရန်အောင်(၂)ရပ်ကွက်၊ နယ်မြေ(၆)၊ ဆေးရုံလမ်း၊ ပျဉ်းမနားမြို့။

၂။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ် လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ (တံတားတည်ဆောက်ရေး)၊ (၀၉-၂၅၇၄၇၈၂၀၄၊ ၀၉-၄၂၃၆၆၀၁၀၄၊ ၀၉-၄၀၀၅၁၆၆၀၆)တို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-၄၂၊ ပါရမီလမ်း၊ မြေကွက်အမှတ်(၄/က-၃)၊ တိုက်အမှတ်-(၄/က)၊ (၃)ခန်းတွဲ၊ (၈)ထပ် တိုက်အဆောက်အဦမှ အခန်းအမှတ်-၅/၅F၊ (ဘီ-၆)အလယ်ခန်း၊ အကျယ် (၁၈x ၆၀)ပေရှိ တိုက်ခန်း(၁)အား ဆက်စပ်စာချုပ်တို့ဖြင့် တရားဝင်ပိုင်ဆိုင် နေထိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခိုင်မာလာမြင့်[၁၂/လမန(နိုင်)၀၄၉၆၁၃]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်သဲခိုင်စိုး[၁၃/ ကလန(နိုင်)၁၁၉၃၉၆]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေ ထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှု မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဝါနွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၈၂)**
**အမှတ်-၁၁၁(တတိယထပ်)၊ နွယ်သာကီလမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၇၁၇၂၆၀**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၁)ရပ်ကွက်၊ ပြည်ထောင်စုလမ်းရှိ(ပေ၄၀x၆၀ပေ)အကျယ်ရှိ အကွက်အမှတ်(၁၀၂၀)၊ (၁၀၂၁) မြေကွက်(၂)ကွက်တို့နှင့် (၁၃၂)ရပ်ကွက်၊ ဒေသန္တရဆေးရုံလမ်းရှိ (ပေ၄၀x၆၀ပေ) အကျယ်ရှိ မြေကွက်အမှတ်(၃၇၆)၊ (၃၇၇)မြေကွက်(၂)ကွက်တို့အား လက်ရောက် ရရှိသူများဖြစ်သည့် ဒေါ်မိုးသီတာ[၁၂/ဗဟန(နိုင်)၀၂၉၇၆၀]နှင့် ဒေါ်သိမ့် သဥ္ဇာနွေး[၁၂/ဗတထ(နိုင်)၀၄၁၈၁၈]တို့ထံမှ လက်ရောက်လွှဲပြောင်းရယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက် အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိက အစိုးရဌာနများတွင် တရားဝင်လျှောက်ထားမှုများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား တော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ထက်ကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၃၆၅/၂၀၂၄)**
**ရုံးခန်း-သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၄၂၈၀၂၆၆၃၆**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ သထုံမြို့နေ ဦးမောင်မောင်[၁၀/သထန(နိုင်) ၁၂၅၃၂၃]၏ သမီးဖြစ်သူ မထားအိန္ဒြေထက်ထက်မောင်[၁၀/ သထန(နိုင်)၂၁၉၆၅၃]သည် ဖခင်ဖြစ်သူ၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့ (၈-၇-၂၀၂၆) ရက်နေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန် ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးမောင်မောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချိုမာအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၉၄၆)**
**ရုံးခန်းလိပ်စာ၊ အမှတ်-၆၈၊ နှင်းဆီလမ်းနှင့်ကျောင်းလမ်းထောင့်၊ စော/တောင်ရပ်ကွက်၊ အလုံမြို့နယ်။ ဖုန်း-09-971853905**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရတနာပုံရပ်ကွက်၊ အကွက် အမှတ်(တတ-၅၁)၊ ဦးပိုင်အမှတ်(၆၃)၊ ၅၅x၅၆ကြား၊ ၁၂၅x၁၂၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဇော်ဝင်း[၉/မရမ(နိုင်)၀၇၅၃၆၇]၏ အထူး ကိုယ်စားလှယ်လွှဲစာအမှတ်(၂၉၀၀/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဘွတ် ပါရီဆပ်[၁/ဝမန(နိုင်)၀၅၄၇၈၀၇]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၄၃)၊ ထ/၁၆ - ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်(၁၆၉၄)၊ ဒေါ်အေးအေးသန့် အမည်ပေါက် မြေချပါမစ်မြေ အမျိုးအစားဖြစ်သော အကျယ်အဝန်း(ပေ၄၀xပေ၆၀)ရှိသည့် အနက် တရားဝင်မခွဲစိတ်ရသေးသော(ခြေရင်းခြမ်း)(ပေ၂၀xပေ ၆၀)မြေကွက်နှင့် ၎င်းမြေပေါ်ရှိ သီးပင်စားပင်တို့အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်စာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇင်မင်းထက် [၁၂/ထတပ(နိုင်)၁၀၈၃၇၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စုနန္ဒာ[၁၂/ ပဘတ(နိုင်)၀၃၂၆၇၀]မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်စုနန္ဒာ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်လင်းထွေး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၈၂၃၈)**
**ရုံး-ရွှေပြည်သာတရားရုံးရှေ့၊ ရှေ့နေများနားနေခန်း၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၂၀၁၀၇၅၈၄**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ စက္ကဝတ်(၂)လမ်း၊ အမှတ်(၂၉၅)နေ ကျွန်ုပ်မိတ်ဆွေ ဦးမျိုးမင်းဟိန်း[၁၂/ ဥကမ(နိုင်)၂၅၂၅၀၁]ကိုင်ဆောင်သူ ဇနီးဖြစ်သူ ဒေါ်ရဲယုဝေ[၁၂/ဥကမ (နိုင်)၂၈၁၁၈၉]သည် နေအိမ်မှ (၁၄-၆-၂၀၂၆)နေ့တွင် လက်ဝတ် လက်စားများ၊ နေအိမ်ရှိငွေများအား ယူဆောင်ပျောက်ဆုံးသည့်အတွက် သက်ဆိုင်ရာ ရဲစခန်းတွင် (၁၆-၆-၂၀၂၆)ရက်နေ့တွင် လူပျောက်တိုင်တန်း အမှုဖွင့်လှစ်ထားခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ၏ ဇနီးဖြစ်သူ ဒေါ်ရဲယုဝေအား လက်ခံထားသူနှင့် ဖြားယောင်းသွေးဆောင်ခေါ်ယူထား သူများအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ် ကြောင်းနှင့် ဒေါ်ရဲယုဝေနှင့်ပတ်သက်သော ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စ အဝဝတို့ကို ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးမင်းဟိန်းအနေဖြင့် ဖြေရှင်းဆောင်ရွက် ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်မင်းသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၄၂/၂၇-၅-၂၀၁၈)**
**အမှတ်(၅၄)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်ခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၆၃၉၇၇၊ ၀၉-၉၄၃၀၅၃၁၃၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့် လမ်းအိမ်ရာ၊ တိုက်(၈၉/၉၇)၊ အခန်း(၅၀၆)၏ အမည်ပေါက် ဦးဇော်မြင့်[၅/ ကလတ(နိုင်)၁၃၀၀၈၄]ထံမှ ဒေါ်နီနီလွင်[၁၂/ဒဂန(နိုင်)၀၂၂၄၅၂]က စာချုပ် စာတမ်းဖြင့်ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲ ပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇) ရပ်ကွက်၊ ရှုပါရုံလမ်း၊ မြေကွက်အမှတ်(၃၅၆)ဟုခေါ်တွင်သော (အလျား၄၀ပေx အနံ၆၀ပေ)အကျယ်အဝန်းရှိ ဦးမျိုးမင်း[၁၂/သဃက(နိုင်)၀၁၃၆၄၅]အမည် ပေါက်နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော၊ မြေကွက်အမှတ် (၃၅၇)နှင့် ကပ်လျက်ဘက်ခြမ်း(အလျား၂၀ပေx အနံ၆၀ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်း အဝယ်ကတိစာချုပ် အဆက်ဆက်ဖြင့်လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းမင်းထွန်း[၁၂/စခနနိုင်)၀၃၀၀၃၆]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေ ထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံး သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇ )** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph-09954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09420080932, 09983837110** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄) ရပ်ကွက်၊ ရွှေစင်(၂)လမ်း၊ မြေကွက်အမှတ်(၃၈၃)ဟုခေါ်တွင်သော(အလျား ၄၀ပေxအနံ၆၂ ½ ပေ)အကျယ်အဝန်းရှိ ဒေါ်ဇင်မာစိုး[၇/သနပ(နိုင်)၀၈၅၅၁၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသောမြေကွက် အမှတ်(၃၈၂)နှင့်ကပ်လျက်ဘက်ခြမ်း၊ (အလျား၂၀ပေxအနံ၆၂ ½ ပေ)အကျယ် အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ပိုင်ချေ(ခ)ဒေါ်ခင်စန္ဒာသန်း[၁၁/တပစ(နိုင်)၀၀၀၇၄၀]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇ )** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph-09954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09420080932,09983837110** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃-သုဝဏ္ဏ)၊ လူနေရပ်ကွက်အမှတ် (သုဝဏ္ဏ)၊ မြေကွက်အအမှတ်(၁၀၁/ခ)၊ မြေဧရိယာ(၀.၁၂၂)ဧကအကျယ်ရှိ ဒု-ဗိုလ်မှူးကြီးအောင်လွင်[၁၂/ မရက(နိုင်)၀၄၂၂၄၀] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်အမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ်(၁၀၁/ခ)၊ ကျွန်းရွှေ မြိုင်လမ်းသွယ်(၁)၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏဗိုလ်ချုပ်ရွာ၊ သဃ်န်းကျွန်းမြို့နယ်ဟုခေါ်တွင်သော နှစ်ထပ်တိုက်အဆောက်အဦ နေအိမ်နှင့် ယင်းနေအိမ်၌တပ်ဆင်ထားသည့် 25KVA မီးစက်(၁)လုံး၊ လေအေးပေးစက်(၆)လုံး၊ ပါဝါမီတာ(၁)လုံး၊ အိမ်သုံး မီတာ(၁)လုံး၊ လုပ်ငန်းသုံးမီတာ(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ အကျိုး ခံစားလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ အမည်ပေါက်ပိုင်ရှင်ထံမှ ကျွန်ုပ်၏အမှုသည်ဖြစ်သူက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူနိုင်ရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်း အဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ခိုင်လုံသောအထောက်အထား ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေများ** |
|---|---|---|
| **ဦးဝဏ္ဏဇော် (စဉ်-၉၇၈၀)** | **ဒေါ်အိအိစံ (စဉ်-၁၀၂၁၈)** | **ဦးမင်းမင်း (စဉ်-၂၇၃၂၀)** |
| **ဒေါ်စန်းစန်းနု (စဉ်-၁၄၁၈၄)** | **ဒေါ်စိုးစိုးနွယ် (စဉ်-၁၄၁၈၃)** | **ဒေါ်နွေးနွေးအိ (စဉ်-၄၉၄၇၁)** |
| **ဒေါ်အေးမွန်သိန်း (စဉ်-၁၆၂၆၉)** | | |

**အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း-၀၉-၅၁၈၁၁၈၅၊ ၀၉-၅၁၄၃၈၀၂**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃)၊ မြေကွက်အမှတ်(၆၉၉/က)၊ အကျယ် အဝန်း(၂၀ပေx၆၀ပေ)ရှိ ဦးဇင်ဦး(PPN-၂၁၅၇၉၁) အမည်ပေါက် မြေချပါမစ်မြေကွက်ထဲမှ အကျယ်အဝန်း(၁၀ပေx၆၀ပေ)ရှိ (မြေကွက် ရှေ့မျက်နှာမူလျှင်ဝဲဘက်ခြမ်း၊) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆၉၉/က)၊ ပုလဲငွေရောင်၊ (၃)လမ်း၊ (၅၃)ရပ်ကွက်၊ ဒဂုံမြို့ သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော နေအိမ်တို့အား ပါမစ်အမည်ပေါက်ထံမှ အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုကမ်းလှမ်းလာသူ ဒေါ်ဝေဇာမွန်[၁၂/ဒဂတ(နိုင်)၁၀၁၀၂၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးသွယ်[၁၂/ဥကတ(နိုင်)၁၅၇၇၅၆၉]က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ရွှေစင်ဝင်း(LLB)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၇၀၅)**
**အမှတ်(၇၇၀)၊ မာဃ(၇)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၀၁၅၂၃၂၄၈**

## ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မာလာလမ်းသွယ်(၂)လမ်း၊ အမှတ်(၁၅)၊ (၁)ခန်းတွဲ Hall Type အဆောက်အဦမှ မြေညီထပ်(ထပ်ခိုး) အပါအဝင် ရေမီးအစုံ တိုက်ခန်း(၁) ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်တွင် ဖော်ပြထားသည့် ပစ္စည်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ဝယ် တရားဝင်ပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးလှမျိုးသူ[၁၂/မရက(နိုင်)၁၃၁၇၉၄]ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသောင်း ဟန်[၁၀/ခဆန(နိုင်) ၀၁၉၅၇၅]ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးစိုးရန်နိုင် (LL.B)** | **ဒေါ်စန္ဒာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၃၈)** | **အထက်တန်းရှေ့နေ (စဉ်-၃၇၀၂၅)** |

**အမှတ်(၁၂/က)၊ မြေညီထပ်၊ အင်းစိန်လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၅၁၂၈၉၉၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ်(၁၇၅၁)၊ ဧရိယာ(၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြို့မြေစာရင်း(ပါမစ်)၌ အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ဝင်းဝင်းမြင့် (အဖ)ဦးမြင့် (HZA-187056)ထံမှ ပုဂ္ဂိုလ်အသီးသီးက အဆင့်ဆင့်ဝယ်ယူပိုင် ဆိုင်ခဲ့ကြပြီး နောက်ဆုံးဝယ်ယူပိုင်ဆိုင်လျက်ရှိသူ ဦးနေဝင်းထွန်း (ဘ)ဦးဟောင်ယူရှင်[၁၃/ကမန(နိုင်)၁၃၅၅၅၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက (၄-၇-၂၀၂၆)ရက်နေ့စွဲပါ ပါမစ်မြေကွက်အရောင်းအဝယ်စာချုပ်အရ တရားဝင်ဝယ်ယူ ပိုင်ဆိုင်ခဲ့ကြပြီးဖြစ်ပါသည်။ ယင်းပါမစ်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့် ရှိသူဟု အဆိုပြုသည့် မည်သူမဆို ယခုကြော်ငြာစာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း မိမိတို့ပိုင်ဆိုင်မှု တရားဝင်အထောက်အထား စာရွက်စာတမ်းများပြသ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့် ကာလကျော်လွန်သည့်တိုင် အောင် ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက ဤအရောင်းအဝယ်ကိစ္စအား ပြီးပြတ်သည်အထိ ဥပဒေအရ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအေးဟန်, B.A (Law), LL.B, D.B.L, D.M.L, D.I.L တရားလွှတ်တော်ရှေ့နေ (စဉ်-၄၅၄၆/၈၈)**
**အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၅/စီ)၊ ဒုတိယထပ်၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၅၃၂၉၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ်(၁၇၄၂)၊ ဧရိယာ(၄၀ပေ x ၆၀ ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြို့မြေစာရင်း(ပါမစ်)၌ အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်မြကြည် (အဖ)ဦးမောင်ငယ်[၁၂/လသယ(နိုင်)၀၁၆၈၈၂] (AG-305160) ကိုင်ဆောင်သူထံမှ ပုဂ္ဂိုလ်အသီးသီးက အဆင့်ဆင့်ဝယ်ယူ ပိုင်ဆိုင်ခဲ့ကြပြီး နောက်ဆုံးဝယ်ယူပိုင်ဆိုင်လျက်ရှိသူ ဦးနေဝင်းထွန်း (ဘ)ဦးဟောင်ယူရှင်[၁၃/ကမန(နိုင်)၁၃၅၅၅၈]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူများက(၄-၇-၂၀၂၆)ရက်နေ့စွဲပါ ပါမစ်မြေကွက်အရောင်းအဝယ်စာချုပ်အရ တရားဝင်ဝယ် ယူပိုင်ဆိုင်ခဲ့ကြပြီးဖြစ်ပါသည်။ ယင်းပါမစ်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူဟု အဆိုပြုသည့် မည်သူမဆို ယခု ကြော်ငြာစာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း မိမိတို့ပိုင်ဆိုင်မှု တရားဝင် အထောက်အထား စာရွက်စာတမ်းများပြသ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ကာလကျော်လွန်သည့်တိုင်အောင် ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက ဤအရောင်းအဝယ်ကိစ္စအား ပြီးပြတ်သည်အထိ ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးဟန် B.A (Law), LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၅၄၆/၈၈)**
**အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၅/စီ)၊ ဒုတိယထပ်၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၅၃၂၉၃**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဦးဘချိုလမ်း၊ အမှတ်(၁၂၅၈)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ လူနေရပ်ကွက်(-)၊ မြေကွက်အမှတ်(၁၂၅၈)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်အဆောက်အဦအပါအဝင် ဆက်နွယ်သည် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အဦအပါအဝင် ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းမှတ်တမ်းတွင် ဒေါ်စန်းစန်းဝေ[၁၄/ဖပန(နိုင်)၀၉၀၂၃၂]၏ အမည်ဖြင့်မှတ်သား တည်ရှိပြီး ၎င်းမှ မိမိအမည်ပေါက် ပိုင်ဆိုင်သောမြေကွက်ဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် အရှုပ်အရှင်းကင်းရှင်း ကြောင်းတို့ ဝန်ခံပြောဆို၍ ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီသည့်အတွက် ရောင်းကြေး ငွေ၏တစ်စိတ်တစ်ဒေသကို (စရန်ငွေ)အဖြစ် ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစပြီး (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ် ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုသဲမေ (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၀၇)**
**အမှတ်(၂၄/အေ)၊ ပြည်ရိပ်မွန်လမ်းသွယ်၊ ဝဂ္ဂီအိမ်ရာ၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၀၇၀၄၉**

## ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

### တင်ဒါအမှတ်စဉ် – ၃/ ၂၀၂၆ – ၂၀၂၇

၁။ ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့မှ ၂၀၂၆–၂၀၂၇ ခု ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု/တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန် စိတ်ဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မုံရွာမြို့တွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

(က) တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် – ၁၃–၇–၂၀၂၆ ရက်မှ ၂၁–၇–၂၀၂၆ ရက် (ရုံးချိန်အတွင်း)

(ခ) PO Cheque နှင့်စာအိတ် ‘A’ ‘B’လက်ခံမည့်နေ့ – ၂၃–၇–၂၀၂၆ ရက် (၁၆:၀၀ နာရီထိ)

(ဂ) တင်ဒါဖွင့်လှစ်မည့်နေရာ – တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့။

(ဃ) တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် – တင်ဒါတင်သွင်းသူများသို့ဌာနမှ ဆက်သွယ်အကြောင်းကြားပါမည်။

၃။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းလာသည့် လျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည် မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့ ဖုန်း ၀၉–၇၉၈၇၇၀၁၂၈၀၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့ ဖုန်း ၀၉–၄၀၀၃၀၆၄၅၂၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ရွှေဘိုမြို့ ဖုန်း ၀၉–၇၉၈၅၈၃၆၄၈၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ကလေးမြို့ ဖုန်း ၀၉–၅၀၉၃၃၂၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်

**ဒေါ်မြမျိုးသွယ် (ဘ) ဦးကိုကိုကြွယ် [၁၂/လမတ(နိုင်) ၀၃၃၆၈၄]**မှ ဒေါ်မျိုးမမထွန်း (ဘ) ဦးထွန်းသိန်း [၁၂/ဗဟန(နိုင်) ၀၉၃၅၄၄]အား ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၃–၆–၂၀၁၆ ရက်နေ့တွင် အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ် (၅၄၀၉/၂၀၁၆)ဖြင့် လွှဲအပ်ထားသည့် အထွေထွေ ကိုယ်စားလှယ်လွှဲစာအား ယခုသတင်းစာတွင် ကြေညာသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဝတ်ရည်သင်း**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်– ၁၈၉၉၇)**
**အမှတ်–၄၅၃၊ ဦးထွန်းဖံလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၇၈၇၉၄၂၆၃၉၊ ၀၉–၇၇၈၅၀၂၂၃၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ မြစ်ကျိုးကျေးရွာ၊ ကျောက်လမ်းရှိ ဥယျာဉ်ခြံမြေတွင် ဦးအေးမြင့် [၇/ဝမန(နိုင်) ၀၂၃၃၂၄]သည် လွန်ခဲ့သော (၅၅)နှစ်ကပင် ယနေ့အထိ နေထိုင်လာခဲ့ပါသည်။ ယခုအခါ အသက် (၈၇)နှစ်ရှိလာပြီဖြစ်၍ ၎င်းလက်ရှိ ပိုင်ဆိုင်နေထိုင်လာခဲ့သည့် ဥယျာဉ်ခြံမြေကွက်ကို ပေးသင့် ပေးထိုက်သူ တစ်ဦးဦးအား မေတ္တာဖြင့် အပိုင်ပေးကမ်းသွားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**တင်ညို LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၅၅၆၉) (၂၀–၃–၉၁)**
**၈၃၈၊ဗန္ဓုလ (၂)လမ်း၊ (၅၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)။**
**09–421766085, 09–424038897**

## အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ– ၃၇၃)**

**သန်လျင်ခရိုင်တရားရုံးတော်**

**၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၃၄**

**ကွယ်လွန်သူ ဦးစစ်ထွေး၏ ကျန်ရစ်သောပစ္စည်းအကြောင်း။**

**ဒေါ်နှင်းရီ (လျှောက်ထားသူ)**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့၊ တမံကြီးကုန်းကျေးရွာနေ ဒေါ်နှင်းရီက ကွယ်လွန်သူ ဦးစစ်ထွေး၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့၊ တမံကြီးကုန်းကျေးရွာနေ ကွယ်လွန်သူဦးစစ်ထွေးကျန်ရစ်သော ပစ္စည်းများထဲမှ ပေးဆပ်ရန်နှင့် ရရန်ရှိသော ကြွေးမြီများပေါ်တွင်လည်းကောင်း၊ အခြားကိစ္စများပေါ်တွင်လည်းကောင်း ဆောင်ရွက်နိုင်ရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးစစ်ထွေ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန် ပေးရန်ရှိသူ ဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်)နေ့တွင် လာရောက်ကြ ရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်နှင်းရီ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်၊ မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( ခင်မျိုးသင်း )**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**သန်လျင်ခရိုင်တရားရုံး**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ (၂၄)လမ်း၊ တိုက်အမှတ်(၅၂၆) စတုတ္ထထပ် (၅)လွှာ(ခေါင်းရင်းခြမ်း) (၁၄ပေx ၅၄ပေ)အကျယ်ရှိတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ဝယ်ပိုင်ဆိုင်သူဖြစ်ကြသော ဒေါ်စန္ဒာဝင်း [၁၂/ဥကတ(နိုင်) ၁၆၈၂၅၃]ထံမှ အပြီးတိုင်ဝယ်ယူရန်အတွက် ကျွန်မ ဒေါ်စီစီဝင်း [၁၂/မရက (နိုင်) ၀၂၃၃၉၄]က စရန်ငွေတစ်စိတ်တစ်ဒေသကို (၅–၇–၂၀၂၆)ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာရွက်စာတမ်းများနှင့်တကွ ယခု ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စီစီဝင်း [၁၂/မရက (နိုင်) ၀၂၃၃၉၄]**
**ဖုန်း– ၀၉–၅၁၂၉၃၃၁**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ဇမ္ဗူရာဇ်ရွှေစင်လမ်း၊ အမှတ်(၁၆၁)နေ ဦးယဉ်ဝေ [၁၂/ဥကတ(နိုင်) ၁၃၅၅၂၀]+ ဒေါ်ဝင်းဝင်းမော် [၁၂/ဥကတ(နိုင်) ၀၀၃၀၉၉]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

၁။ ကျွန်ုပ်မိတ်ဆွေများ လက်ရှိနေထိုင်ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ဇမ္ဗူရာဇ်ရွှေစင်လမ်း၊ အမှတ်(၁၆၁)ဟုခေါ်တွင်သော မြေကွက်သည် ရန်ကုန်မြို့တော် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးကျော်ခင် (ISN – ၃၂၅၃၈၈)အမည်ဖြင့် ချထားပေးသည့် (အလျား ၄၀ပေx အနံ ၆၀ပေ)အကျယ်အဝန်းရှိ ပါမစ်မြေအမျိုးအစား မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (အလျား ၂၀ပေx အနံ ၆၀ပေ) (မြေကွက်အားမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း)ရှိ မြေကွက်နှင့်တကွ ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်၏မိတ်ဆွေ ဦးယဉ်ဝေ [၁၂/ဥကတ(နိုင်)၁၃၅၅၂၀]၏ ဖခင်အရင်းဖြစ်သူ ဦးမြသန်း [၁၂/ဥကတ(နိုင်) ၁၃၈၉၉၄]က အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိခဲ့သည့်မြေကွက်ဖြစ်ပါသည်။

၂။ ကျွန်ုပ်မိတ်ဆွေ ဦးယဉ်ဝေ၏ ဖခင် ဦးမြသန်းနှင့် မိခင် ဒေါ်ထွေးကြည်တို့သည် ကျွန်ုပ်မိတ်ဆွေ ဦးယဉ်ဝေအပါအဝင် သား/သမီး (၆)ဦးထွန်းကားခဲ့ပြီး ဖခင်၊ မိခင်နှင့် ကျွန်ုပ်မိတ်ဆွေ ဦးယဉ်ဝေအပါအဝင် သားသမီး (၆)ဦး အားလုံးတို့သည် မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပါသည်။

၃။ ဖခင် ဦးမြသန်းနှင့် မိခင် ဒေါ်ထွေးကြည်တို့ ကွယ်လွန်ပြီးနောက် မိဘနှစ်ပါးပိုင်ဆိုင်ကျန်ရစ်ခဲ့သော အမွေပစ္စည်းများအား ကျန်ရစ်သူ သားသမီး(၆)ဦးတို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူများဖြစ်ကြပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးယဉ်ဝေအပါအဝင် သားသမီး(၆)ဦးတို့သည် ကွယ်လွန်သူမိဘများချန်ထားရစ်သည့် အမွေပုံပစ္စည်းများအား ခွဲဝေရယူကြရာတွင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ သားသမီး(၆)ဦးလုံး၏ သဘောတူညီမှုဖြင့် ချုပ်ဆိုသည့် (၆–၄–၂၀၂၆)ရက်စွဲပါ “မိသားစုစီမံခန့်ခွဲမှု သဘောတူကတိစာချုပ်” အရ အထက်အပိုဒ်(၁) ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်မိတ်ဆွေ ဦးယဉ်ဝေမှ အမွေပုံပစ္စည်းအဖြစ် ခွဲဝေပိုင်ဆိုင်ရရှိပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အထက်အပိုဒ်(၁)ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် (၆–၄–၂၀၂၆)ရက်စွဲပါ “မိသားစုစီမံခန့်ခွဲမှု သဘောတူကတိစာချုပ်”အရ ကျွန်ုပ်မိတ်ဆွေ ဦးယဉ်ဝေနှင့် ဒေါ်ဝင်းဝင်းမော်တို့ ဇနီးမောင်နှံ(၂)ဦးကသာ လက်ဝယ်ထားရရှိပိုင်ဆိုင် အကျိုးခံစားခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြပါသည်။ အဆိုပါ မြေကွက်နှင့်တကွ ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်မိတ်ဆွေများ၏ သိရှိသဘောတူခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း အခြားတစ်နည်းနည်းဖြင့် အာမခံတင်သွင်းခြင်းမျိုး မပြုလုပ်ရန်နှင့် ထိုသို့ပြုလုပ်သူများရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ရည်မွန်အောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် – ၂၀၂၂၉)**
**ဖုန်း– ၀၉–၄၄၈၂၈၈၃၁၈**

## ပြင်ဆင်ဖတ်ရှုပါရန်

(၃၀–၆–၂၀၂၆)ရက်စွဲပါ ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၃၀)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ရည်မွန်အောင်၏ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်းတွင်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၇)၊ မြေကွက်အမှတ် (၉၃၁/ခ)ဟုခေါ်တွင်သော ဦးမြင့်သိန်း [၁၂/သကတ(နိုင်) ၁၃၈၇၈၅] အမည်ပေါက် (အလျား ၂၀ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိ ပါမစ်မြေအမျိုးအစားမြေကွက်အနက်မှ တရားမဝင်မခွဲမစိတ်ရသေးသော (အလျား ၁၀ပေx အနံ ၆၀ပေ)ရှိ (မြေကွက်အား မျက်နှာမူလျှင် ညာဘက်ခြမ်း) မြေကွက်နှင့်တကွ ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားအစား ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၇)၊ မြေကွက်အမှတ် (၉၃၁/ခ)ဟုခေါ်တွင်သော ဦးမြင့်သိန်း [၁၂/သကတ(နိုင်) ၁၃၈၇၈၅] အမည်ပေါက် (အလျား ၂၀ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိပါမစ်မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ (၂၇)လမ်းအိမ်ရာ၊ တိုက်(၁၉၁)၊ အခန်း(၂၀၁)၏ အမည်ပေါက် ဒေါ်မိုမိုသိန်းတန် [၁၂/တမန(နိုင်)၀၈၆၂၄၃]ထံမှ ဦးအာနိုဝါရ်ဟူဆိန်း [၁၁/ဘသတ(ပြု)၀၀၀၈၉၉] က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇–၃၄၀၇၅၆၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊အမှတ်(၈)ရပ်ကွက်၊နိုင်ငံတော်ပိုင်အိမ်ရာ၊ တိုက်(၆၁၈)၊ အခန်း(မြေညီထပ်)၏ အမည်ပေါက် ဒေါ်နုနုဝေ[၁၂/လသန(နိုင်)၀၁၀၉၁၄]ထံမှ ဒေါ်မို့မို့ဆွေ [၁/မကန (နိုင်)၁၂၄၀၀၆]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇–၃၄၀၇၅၆၇**

## ဖခင်အမည်မှန်

ညောင်တုန်းမြို့နယ်၊ အ.ထ.က (နတ်ပေး)ကျောင်းမှ Grade-8(B)ခန်းတွင် ပညာသင်ကြားနေသော မဆုမြတ်မွန်၏ ဖခင် ဦးခင်မောင်ဦး၏ အမည်မှန်မှာ ဦးခင်မောင်လွင် [၁၄/ညတန(နိုင်) ၁၆၉၂၈၂] ဖြစ်ပါကြောင်း။

**ဦးခင်မောင်လွင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ငယ်တိုးရပ်ကွက်၊ အကွက်အမှတ် (တောင်ယဉ်ပုံ– ၆၁၆/၄)၊ ဦးပိုင်အမှတ်(၄၂)ခဲစင်း၊ အာဆီယံလမ်းနှင့် မဂ္ဂင်လမ်းကြားရှိ မြေကွက်တွင် အစဉ်တစိုက် နေထိုင်သူ ဦးအောင်မြင့်သိန်း [၉/အမရ (နိုင်) ၁၉၈၇၆၁]က အမှုတွဲအမှတ် (၁၁၂၆/၂၀၂၆–၂၀၂၇)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ငယ်တိုးရပ်ကွက်၊ အကွက်အမှတ် (တောင်ယဉ်ပုံ– ၆၁၆/၄)၊ ဦးပိုင်အမှတ်(၁၉)၊ အာဆီယံလမ်းနှင့် မဂ္ဂင်လမ်းကြားရှိ မြေကွက်တွင် အစဉ်တစိုက်နေထိုင်သော ဦးကျော်စိုးဝင်း [၉/အမရ(နိုင်) ၀၇၈၈၁၁]၊ ဦးအောင်ကိုကို [၉/အမရ (နိုင်) ၁၄၁၃၀၅]၊ ဒေါ်နွေးနွေးအောင် [၉/အမရ(နိုင်) ၁၅၆၇၀၈]၊ ဒေါ်သက်သက်အောင် [၉/အမရ (နိုင်) ၁၆၇၉၄၉]တို့က အမှုတွဲအမှတ် (၁၁၂၈/၂၀၂၆–၂၀၂၇)ဖြင့် ဂရန်သစ် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ငယ်တိုးရပ်ကွက်၊ အကွက်အမှတ်(တောင်ယဉ်ပုံ– ၆၁၆/၄)၊ ဦးပိုင်အမှတ် (၄၂) ခဲစင်း၊ အာဆီယံလမ်းနှင့် မဂ္ဂင်လမ်းကြားရှိ မြေကွက်တွင် အစဉ်တစိုက်နေထိုင်သော ဦးဝင်းဗိုလ် [၉/မဟမ (နိုင်) ၀၀၈၄၅၄]၊ ဒေါ်သန်းချို [၉/အမရ (နိုင်) ၁၅၆၈၃၁]တို့က အမှုတွဲအမှတ် (၁၁၂၇/၂၀၂၆–၂၀၂၇)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၄ စက်မှုဇုန်)၊ မြေကွက်အမှတ် (၂၂၈)၊ အကျယ်အဝန်း (၀.၁၁၅၈ဧက)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (ဒဂုံရတနာ)ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၂၂၈)ဟုခေါ်တွင်သော ခြံမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းဝေ [၁၀/သထန(နိုင်) ၀၈၉၇၀၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှလှဌေး [၁၂/ရကန (ပြု) ၀၀၀၀၈၅]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဒေါ်လှလှဌေး ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဝင်းမင်းစိုး LL.B,D.B.L,D.I.L,D.M.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09–450023651, 09–793568375**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၀၆၊ မြေကွက်အမှတ်–၁၄၄၅၊ အကျယ် (၄၀x၆၀)ပေ၊ မြေအမျိုးအစား– ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၁၄၄၅)၊ လှော်ကားလမ်း၊ ၁၀၆–ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဒေါ်ညွန့်မေ (ISN– ၀၇၄၇၇၂) အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးသန့်ဇော် [၁၂/သလန (နိုင်) ၀၁၁၂၀၀]က ဝယ်ယူခဲ့ပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည် ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကောင်းမြတ်တော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၇၉၂)**
**အမှတ် (၃၃/၄၉)၊ Strand Condo, အခန်းအမှတ်–၄၀၂၊ (၄–လွှာ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## “ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(သကတ– ၂)၊ လူနေရပ်ကွက်(၁၀/၇)၊ ဗညားဒလလမ်း၊ မြေကွက်အမှတ် (၉၀၉/က)၊ ဧရိယာ(၀.၀၃၁)ဧက၊ အကျယ်အဝန်း (၂၂' ၆'' x ၆၀')ရှိ (ဦးစိန်မြင့်)အမည်ပေါက် နှစ်(၆၀)ဂရန် အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း”

အထက်ပါ အိမ်ခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူက ဂရန်အမည်ပေါက်သူ (ဦးစိန်မြင့်)၏ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း မိမိမှလွဲ၍ အခြားသောအမွေဆက်ခံမည့်သူမရှိကြောင်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်း နည်းလမ်းအရပ်ရပ်ဖြင့် လွှဲပြောင်းပိုင်ခွင့်ရှိသူမှာ မိမိတစ်ဦးတည်းသာဖြစ်ပါကြောင်း၊ မိမိ၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပါကြောင်း၊ မည်သူကိုမျှ ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူ ဒေါ်မယ်အေး [၁၄/ညတန(နိုင်) ၀၇၂၃၈၇] (YDN– 078169)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ရောင်းချသူသည် ၎င်း၏သဘောဆန္ဒဖြင့် ရောင်းချပိုင်ခွင့်ရှိသူမဟုတ်ပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းတို့ဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ခင်သီတာစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သက်ထားဆွိ (LL.B, D.I.L, Dip in Eng) အထက်တန်းရှေ့နေ (စဉ်–၄၂၈၉၉)**
**09–972734996, 09–881181988**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၂၈ စီ၊ မြေကွက်အမှတ်– ၉၇၃၊ ဧရိယာ (၀.၀၂၉)ဧက၊ မြေပိုင်မြေကွက် (အရပ်အခေါ်– ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ခမ္ဘီကဝတီလမ်း၊ အမှတ်–၄၄ မြေကွက်နှင့် ယင်းမြေပေါ်ရှိ (၃)ထပ်ခွဲအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်များဖြစ်ကြသည့် (၁) ဦးထွန်းလင်းထွန်း [၁၂/စခန(နိုင်)၀၀၃၁၁၅]၊ (၂) ဒေါ်ရွှေဝတ်မှုံ[၁၂/စခန(နိုင်) ၀၀၃၁၁၇]၊ (၃) ဦးမြတ်လင်း [၁၂/ဒဂန(နိုင်) ၀၂၈၁၁၈]၊ (၄) ဦးတင်မောင်ထွေး [၁၂/ဒဂန(နိုင်) ၀၂၈၁၁၉]တို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ကျော့ကျော့စံ (ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၃၄၈၅)**
**အမှတ် (၅၅) တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၉၆၅၄၉၉၂၅၊ ၀၉–၇၇၇၅၀၅၇၃၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ အမှတ် (၅)ရပ်ကွက်၊ နယ်မြေ (၁၆)၊ ရေကန်လမ်း၊ အမှတ် (၆၃)နေ ဒေါ်အေးရင်း [၁၃/လရန(နိုင်) ၀၃၂၀၉၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ဒေါ်အေးရင်း၏ သားဖြစ်သူ မောင်ရှိန်းလိမ်း [၁၃/လရန(နိုင်) ၀၀၂၅၉၀] သည် မိခင်၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိခင်ကြီး၏ဂုဏ်သိက္ခာ ကျဆင်းစေရန်နှင့် မိခင်ကြီးမသိဘဲ နေအိမ်မှ ၎င်း၏သဘောဆန္ဒအလျောက် ဆင်းသွားပါသဖြင့် ၎င်းနှင့်ပတ်သက်ပြီး ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် မိခင်ကြီးခွင့်မလွှတ်နိုင်သော ကိစ္စရပ်များကို လုပ်ဆောင်သွားပါသဖြင့် သားအဖြစ်မှလည်း အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစောကော်ထူးဝါး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၄၀၈၄/၂၀၁၈)**
**တိုက်– ၉/၁၁၊ အခန်း (၃၀၂/B)၊ တတိယထပ်၊ ၃၆–လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၅၃၉၆၇၅၉၉၊ ၀၉–၇၈၅၇၇၃၈၀၈**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ဒုတိယသမ္မတ ဦးညိုစော ၂၀၂၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၁၁

၂၀၂၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၁) ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✰



ဒုတိယသမ္မတ ဦးညိုစော ၂၀၂၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## ဇူလိုင်လအတွင်း အားအသင့်အတင့်ရှိသော အယ်လ်နီညို ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေတွင် တည်ရှိနေသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြု မော်ဒယ်လ်များ ခန့်မှန်းချက်အရ ၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနိုင်ပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ လာမည့်နွေကာလများတွင် နေ့အပူချိန်များ မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့်အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ❖

## MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲတွင် ဒဂုံစတားယူနိုက်တက်နှင့် သစ္စာအားမာန်အသင်း အမှတ်ပြည့်ရယူ

ရန်ကုန် ဇူလိုင် ၁၁

MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈) ဒုတိယနေ့ကို ဇူလိုင် ၁၁ ရက်က ဆက်လက်ကျင်းပရာ ဒဂုံစတားယူနိုက်တက်နှင့် သစ္စာအားမာန်အသင်းတို့ အမှတ်ပြည့်ရရှိသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက မြဝတီအသင်းကို ခုနစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် ဂိုးပြတ်နိုင်ပွဲဖြင့် အမှတ်ပြည့်ရယူနိုင်ခဲ့ပြီး ဧယား ထိပ်ပိုင်းမှ အသင်းများကို ဖိအားပေးနိုင်ခဲ့သည်။ ဒဂုံစတားယူနိုက်တက် အသင်းအတွက် အနိုင်ဂိုးများကို ၈၊ ၄၈ မိနစ်တွင် စောအောင်မျိုးမင်းသိန်း၊ ၁၉ မိနစ်တွင် ပြည့်ဖြိုးကို၊ ၂၁ မိနစ်တွင် ရှားကိုကို၊ ၈၃၊ ၈၇ မိနစ်တွင် မင်းမင်းခန့်၊ ၈၈ မိနစ်တွင် နေသူရဖြိုးတို့ သွင်းယူပြီး

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ⁕



သစ္စာအားမာန်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## ဘယ်လ်ဂျီယံအသင်းကို အနိုင်ရပြီး စပိန်အသင်း ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်အဆင့်တက်လှမ်း



စပိန်အသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဥရောပရဲ့ အကောင်းဆုံး အသင်းနှစ်သင်းဖြစ်တဲ့ စပိန်အသင်းနဲ့ ဘယ်လ်ဂျီယံအသင်းတို့ ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်မှာ စပိန်အသင်းက ဘယ်လ်ဂျီယံအသင်းကို အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

စပိန်အသင်းနဲ့ ဘယ်လ်ဂျီယံအသင်းတို့ပွဲစဉ်မှာ စပိန်အသင်းက နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး စပိန်အသင်းအတွက် သွင်းဂိုးတွေကို ဖေဘီယန်ရုဇ်က တစ်ဂိုး၊ မာရီနိုက တစ်ဂိုး သွင်းယူပေးခဲ့ကာ ဘယ်လ်ဂျီယံအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ကီတယ်လေရီက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မာရီနိုဟာ စပိန်အသင်း ကမ္ဘာ့ဖလားမှာ ဆက်ရှိနေရေးအတွက် အရေးပါနေတဲ့ ကစားသမားတစ်ဦးအဖြစ် အသိအမှတ်ပြုရမှာဖြစ်ပြီး ပေါ်တူဂီအသင်းနဲ့

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❂

## အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်ပြင်ဆင်

ရန်ကုန် ဇူလိုင် ၁၁

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလအတွင်း ယှဉ်ပြိုင်ရမည့် ၂၀၂၆ အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ်အဖြစ် နော်ဝေနိုင်ငံသား အန်ဒါဆင်ကို ဇူလိုင် ၈ ရက်တွင် တရားဝင်ခန့်အပ်ပြီးနောက် ယင်းနေ့ညနေပိုင်းမှာပင် အသင်းအား တာဝန်ယူကိုင်တွယ်နေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း နည်းပြသစ် အန်ဒါဆင်သည် အာဆီယံဖလားပြိုင်ပွဲအတွက် ပြင်ဆင်ချိန်နည်းပါးမည်ဖြစ်သော်လည်း နှစ်ပတ်ဝန်းကျင်ကာလအတွင်း အကောင်းဆုံးပြင်ဆင်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၃၀ ဝန်းကျင်ဖြင့် ဖွဲ့စည်းထားပြီး ယခင်နည်းပြ ဦးမျိုးလှိုင်ဝင်းက ပြီးခဲ့သည့်လကုန်ပိုင်းကတည်းက

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ★



အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်ပြင်ဆင်နေမှုကို တွေ့ရစဉ်။


ယနေ့ ဖတ်စရာ

ဂျပန်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်းဘာဗီကြောင့် လှိုင်းကြီးမှုနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်လျက်ရှိ — နိုင်ငံတကာ စာမျက်နှာ » ၁၃

ရှေ့လီမြို့၌ ဖမ်းဆီးခံရသည့် မြန်မာနိုင်ငံသား ၄၆ ဦးကို နန်းတော်ဂိတ်မှတစ်ဆင့် နေရပ်သို့ ပြန်လည်ပို့ဆောင် — စာမျက်နှာ » ၁၄

Professional Boxing Matches 10 ပြိုင်ပွဲများ ကျင်းပ — စာမျက်နှာ » ၁၈